ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၈ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၃ ရက် စနေနေ့။ Saturday, 27 June 2026 ၁၂၂၂၂

**အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၈



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၂၈၅၅၆ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၈၅၅၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ❂

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဝေးလံဒေသများအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၂၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇွန် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ❖



## မုံရွာမြို့၌ MSME ထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် ကျင်းပ

မုံရွာ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဥယျာဉ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကို ဇွန် ၂၆ ရက်မှ စတင်ကျင်းပသည်။

ဈေးရောင်းပွဲတော်ကို ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ဦးစီး၍ ကမ္ဘာ့ MSME နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

## စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ချိတ်ဆက်ပေးမည့် Myanmar–China Trade & Investment Expo ပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဇွန် ၂၆

မြန်မာ–တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ချိတ်ဆက်ပေးမည့် Myanmar–China Trade & Investment Expo ၂၀၂၆ (၁၀)ကြိမ်မြောက် မြန်မာ့နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးပြပွဲ၊ (၄)ကြိမ်မြောက် မြန်မာ့စားသောက်ကုန်၊ ဟိုတယ်စားသောက်ဆိုင်နှင့် ကဖေးပြပွဲကို ရန်ကုန်မြို့တွင် သုံးရက်ကြာ ခင်းကျင်းပြသလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

# MSME စီးပွားရေးလုပ်ငန်းများ နိုင်ငံ့စီးပွားရေးမောင်းနှင်အား

"ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်ပသွင်းကုန်များကို အများအားဖြင့် တင်သွင်းဆောင်ရွက်ကြရပြီး မိမိတို့အနေဖြင့်လည်း ပြည်ပမှသွင်းကုန်များကို နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုနှင့် ကုန်သွယ်မှုလိုငွေများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၅ ရက်တွင်ပြုလုပ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် SME လုပ်ငန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ SME လုပ်ငန်းများသည် အသေးစား၊ အလတ်စားလုပ်ငန်းများဖြစ်သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားဖြစ်သည်။ SME လုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ယနေ့တိုင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် MSME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ၂၀၂၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးဆောင်ပြီး MSME ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူများစွာပြုနေသည်ကို မြင်တွေ့နိုင်သည်။ အဓိကမှာ MSME လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသူများအနေဖြင့် MSME လုပ်ငန်းများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်မည်ဆိုသည့်စိတ်များရှိရန်လိုသည်။ MSME လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဆိုပါက စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာကာ ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိနိုင်ငံအပေါ် ယုံကြည်ကိုးစားမှုများဖြစ်ပေါ်လာပြီး နိုင်ငံချစ်စိတ်၊ နိုင်ငံကိုတန်ဖိုးထားစိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအားထားဆောင်ရွက်နေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတွင် လူသားအရင်းအမြစ်များစွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ အဆိုပါလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ကြရမည်ဖြစ်သည်။

ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ကြရမည်ဖြစ်သည်။ ပစ္စည်းချင်းတူလျှင် ဈေးသက်သာရမည်ဖြစ်ပြီး ဈေးချင်းတူလျှင် ပစ္စည်းပိုမိုကောင်းမွန်ရမည်ဆိုသည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးပြီး ပို့ကုန်များ တိုးတက်များပြားလာပါက နိုင်ငံ့ဝင်ငွေနှင့် ထွက်ငွေများ မျှတလာမည်။ ထိုမှတစ်ဆင့် ပိုလျှံငွေများ ဖြစ်ပေါ်လာကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်နိုင်မည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့်ကုန်ကြမ်းများကို သမားရိုးကျ ရောင်းတမ်းပစ္စည်းအဖြစ် သဘောမထားဘဲ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်ကြရန် အစဉ်အမြဲ သုတေသနပြု လုပ်ကိုင်ဆောင်ရွက်ကြရန်လိုသည်။

MSME လုပ်ငန်းများတွင် အဓိကအားဖြင့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ လိုအပ်သည်။ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းနှင့် ပြည်တွင်း၌ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ခြင်းသည် အသေချာဆုံး၊ အကောင်းဆုံး ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံတော်သမ္မတကြီး တရုတ်ပြည်ခရီးစဉ်တွင် ကြည့်ရှုလေ့လာခဲ့သည့် ဝါးမှ အဆင့်မြင့်ချည်ထည်များထုတ်လုပ်သည့် တီထွင်ဆန်းသစ်မှုသည် အတုယူအားကျဖွယ်ဖြစ်သည်။ သို့ဖြစ်ရာ စီးပွားရေးမောင်းနှင်အားဖြစ်သည့်ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁၉-၆-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့်ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေခြောက်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး စုစုပေါင်း ကိုးဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၀၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀၉၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## (၂၆-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၇၂၀,၆၁၆.၇၈ | ၂၅,၃၆၀,၈၁၆.၀၀ | ၉၃,၆၁၀,၁၁၉.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ဂျုံ၊ မျိုးစေ့ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၆ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၀၀၀ | ၁၇,၅၀၀ | ၂,၀၃၁ | ၃၄,၅၃၄,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၆၀၀ | ၃,၁၃၀ | ၂၆,၉၅၁,၀၀၀ |
| MCB | ၁၄,၀၀၀ | ၁၃,၀၀၀ | ၄၈ | ၆၅၂,၀၀၀ |
| FPB | ၇,၂၀၀ | ၇,၁၀၀ | ၄၃၅ | ၃,၁၀၁,၀၀၀ |
| TMH | ၃,၆၀၀ | ၃,၆၀၀ | ၁၉ | ၆၈,၄၀၀ |
| EFR | ၂,၀၅၀ | ၂,၀၀၀ | ၆၅၉ | ၁,၃၂၅,၆၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၂ | ၄၈,၀၀၀ |
| MAEX | ၆,၁၀၀ | ၆,၁၀၀ | ၂,၀၉၂ | ၁၂,၇၆၁,၂၀၀ |
| MADPL(PLB) | ၆,၉၀၀ | ၆,၉၀၀ | ၁၆ | ၁၁၀,၄၀၀ |
| ASPGB(PLB) | ၆၀,၀၀၀ | ၆၄,၀၀၀ | ၂၃ | ၁,၃၉၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် ယခင် ၁၉၈၉ ခုနှစ် နဝတခေတ်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပြီးချိန်တွင် ငြိမ်းချမ်းရေးယူခဲ့သည့် နယ်မြေများတွင် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ပြီး အဆိုပါ နယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ရန် ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုအချိန်မှစတင်၍ အစိုးရအဆက်ဆက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ ပီပီပြင်ပြင်ဖြစ်သည်များ ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိသည့် လုပ်ငန်းများလည်းရှိခဲ့ကြောင်း၊ အဓိကအားဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဆိုရာတွင် ပြည်သူတစ်ဦးချင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် ပါလီမန်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ထိုအချိန်အတွင်း တိုင်းရင်းသားအချို့အနေဖြင့် အခွင့်အရေးတောင်းဆိုခြင်းများရှိကြောင်း၊ အလားတူ ပါလီမန်တွင် တိုင်းရင်းသားအမတ်များ သီးခြားပေးထားခြင်းများရှိကြောင်း၊ သို့သော် အာဏာခွဲဝေရေးကိစ္စရပ်များကို ပြောဆိုလာခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားခြင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ တိုင်းရင်းသားများ၏ လိုလားချက်၊ နိုင်ငံရေးပါတီနှင့် အဖွဲ့အစည်းများ၏ လိုလားချက်များရှိခဲ့ကြောင်း၊ နိုင်ငံရေးအရတောင်းဆိုမှုများရှိသကဲ့သို့ တိုင်းရင်းသားရေးအရ တောင်းဆိုမှုများလည်းရှိခဲ့ကြောင်း၊ ထိုအချိန်က ပါလီမန်စနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ကြိုက်နှစ်သက်သည့် နိုင်ငံရေးစနစ်ကိုဆောင်ရွက်နိုင်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်ကိုသွားရန် ရေးဆွဲထားခြင်းမရှိသော်လည်း အချို့ပုဒ်မများတွင် ဆိုရှယ်လစ်စနစ်ကိုသွားနိုင်သည့် အခြေခံအချက်များ ထည့်သွင်းထားသည်ကိုတွေ့ရပြီး သမ္မတကြီး စဝ်ရွှေသိုက်၏ မိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကိုသွားရန် ထည့်သွင်းပြောကြားခဲ့မှုများရှိကြောင်း၊ ထိုအပေါ်တွင် ဆန့်ကျင်ဘက်အမြင်ရှိသူများက ၎င်းတို့လိုလားချက်များမရရှိနိုင်ဟုဆိုကာ လက်နက်ကိုင်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ကြကြောင်း၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သော လေ့လာသင့်သည့် ကိစ္စရပ်များဖြစ်ပြီး မိမိတို့ တာဝန်ယူသည့်အချိန်တွင် ယခုကဲ့သို့သောဖြစ်စဉ်များမဖြစ်အောင် ဆင်ခြင်ဆောင်ရွက်နိုင်ကြောင်း။

ပါလီမန်ခေတ်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများသည် အစိုးရအနေဖြင့် သက်ဆိုင်ရာဥပဒေဖြင့် ကြည့်ပါက မှန်ကန်သော်လည်း နိုင်ငံရေးသမားများဘက်မှ ကြည့်ပါက ၎င်းတို့မဖြစ်မည်ကို စိုးရိမ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံရေးကို အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်လာကြကြောင်း၊ ထိုအချိန်က မိမိတို့နိုင်ငံတစ်ခုတည်းသာမက လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိလာကြသည့် နိုင်ငံများတွင် နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံရေးအငြင်းပွားမှုများဖြစ်ပေါ်ခဲ့သကဲ့သို့ အချို့နိုင်ငံများတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်အထိလည်း မိမိတို့နိုင်ငံအပါအဝင် အချို့နိုင်ငံများ၌ အဆိုပါပဋိပက္ခများ မပြီးဆုံးသေးကြောင်း။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်ကြောင့် အိမ်စောင့်အစိုးရမှ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး အိမ်စောင့်အစိုးရလက်ထက်တွင် သန့်ရှင်းသည့် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်၍ အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ထိုအချိန်တွင် တိုင်းရင်းသားများ၏ တောင်းဆိုမှုများ ပိုမိုပြင်းထန်လာခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ ဗဟိုဦးဆောင်သည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားများနှင့် ပတ်သက်သည့် ပြဿနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မှုမရှိခဲ့ဘဲ အရှေ့မြောက်ဒေသများတွင် တိုက်ပွဲများပြင်းထန်လာခဲ့ကြောင်း၊ ပဋိပက္ခများဖြစ်ပွားမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ များစွာနောက်ကျခဲ့ကြောင်း။

နယ်စပ်ဒေသအများစုသည် သွားလာရန် ခက်ခဲခြင်း၊ ဆက်သွယ်မှု ခက်ခဲခြင်း၊ တောတောင်ထူထပ်သည့် နေရာ၊ မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသများ၊ လူဦးရေနည်းပါးသည့် နယ်မြေ၊ ဘာသာစကားကွဲပြားသည့် နေရာများဖြင့် နိုင်ငံ့ဝန်ထမ်းများ အရောက်အပေါက်နည်းပါးသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့ပြီး အဆိုပါအခက်အခဲများကို လက်နက်ကိုင်ပဋိပက္ခများကြောင့် အဆင်ပြေအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ၁၉၈၈ ခုနှစ် နိုင်ငံရေးပဋိပက္ခဖြစ်ပွားချိန်တွင် နိုင်ငံတော်အစိုးရက ထိန်းကျောင်းနိုင်မှု မရှိတော့သဖြင့် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ဝင်ရောက်ထိန်းသိမ်းထမ်းဆောင်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများတွင်တွေ့မြင်နိုင်ကြောင်း၊ တပ်မတော်မှ တာဝန်ယူပြီးနောက်ပိုင်းတွင် ပြည်သူလူထုတောင်းဆိုသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရန် ဆောင်ရွက်ပေးမည်ဟု ကတိပြုပြောကြားခဲ့ပြီး တိုင်းရင်းသားအရေးကို ဖြေရှင်းနိုင်ရန်အတွက်လည်း ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးကာ အပစ်အခတ်ရပ်စဲခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ပေးခဲ့ကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားအဖြစ် ဖွဲ့စည်းသိမ်းသွင်းဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ရာ လက်ခံသည့်အဖွဲ့များ ရှိသကဲ့သို့ လက်မခံသည့်အဖွဲ့များလည်း ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရ သက်တမ်းကာလတွင် တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နောက်တွင် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက ကြိုးကိုင်ခြယ်လှယ်ဆောင်ရွက်မှုများရှိသဖြင့် အခက်အခဲများအကြားမှ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး နောက်ဆုံးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရ သက်တမ်းကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း၊ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းမှုမရှိသည့်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရကြောင်း၊ ဗဟိုကော်မတီအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး မိမိတို့သမိုင်းကို သိရှိအောင် ပြောကြားရခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ဆောင်ရွက်မည်၊ နိုင်ငံရေးမျှော်မှန်းချက်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်ဆောင်ရွက်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများမဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင်–

“ကွာဟမှုရှိနေတဲ့ နယ်မြေတွေ ကွာဟမှုမရှိအောင် လုပ်ပေးဖို့ ဒါကတော့ ကျွန်တော်တို့ မလွဲမသွေ ဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာ ကျွန်တော့်တိုင်းပြည် ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ ကျွန်တော် ငါးနှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်။ ကျွန်တော်တို့အစိုးရ ကမ်းလှမ်းထားတဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင်ဘယ်အဖွဲ့အစည်းမဆို ဘာကြိုတင် ကန့်သတ်ချက်မှမထားဘူး။ ငြိမ်းချမ်းရေးအတွက် လာပြီးဆွေးနွေးဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ဒါကိုထပ်ပြီးတော့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်တို့က ရက်ပေါင်း ၁၀၀ စီမံချက်ထဲမှာ ထည့်ထားတာ။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့ ပြောထားတာ။ သို့သော်လည်းပဲ တချို့ကျတော့လည်း ဒါကိုကြိုတင်ကန့်သတ်ချက် မရှိဘူးဆိုပြီးတော့ ရက် ၁၀၀ လို့ ပြောထားတယ်ဆိုပြီးတော့ ပြောကြတာ။ ရက် ၁၀၀ အတွင်းမှာ ဒါလုပ်တဲ့အတွက်ကြောင့် ဒါလည်း Precaution လို့ ယူဆ၊ စကားကို ပေါက်ပေါက်ရှာရှာပြောတယ်။ ဒါကပ်ပြီးတော့လုပ်တာ။ တကယ်ငြိမ်းချမ်းရေးလိုချင်ရင် ဒီနေ့ငြိမ်းချမ်းရေးလိုချင်ရင် ဒီနေ့ရောက်လာလိမ့်မယ်။ ငြိမ်းချမ်းရေးမလိုချင်ရင်တော့ အကြောင်းပြပြီးတော့ အချိန်ဆွဲမှာ။ ကျွန်တော် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ပါတယ်၊ လာပါ၊ ပြုပါဆိုတာ ကျွန်တော်တို့ လုပ်လို့ရတယ်။ တကယ်လည်း ကျွန်တော်လုပ်ချင်ပါတယ်။ အခု ကျွန်တော်ရတဲ့ Channel တိုင်းကနေ ကျွန်တော်ရအောင် ကြိုးစားတယ်။ ကျွန်တော် ဒီငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ရဖို့ဆိုရင် ဘာပဲ ဘယ်လောက်ကုန်ကုန် ငါလုပ်မယ်လို့ ပြောတယ်။ တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ရှေ့တိုးနေရတာ။ တကယ်တော့ မရောက်ဘူး။ ခုန အချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဇောင်းထဲက ထွက်လာတဲ့ မြင်းလို တစ်ခါတည်း ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုကမသွားနိုင်ဘူး။ အတားအဆီးတွေရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကိုပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့ လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်၊ EAO များကို ကျွန်တော် ပြောချင်တယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်ရင် လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ ဆွေးနွေးမယ်” ဟုပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် ပြည်သူလူထု၏ တောင်းဆိုချက်တွင် လူမှုစီးပွားဘဝများ တိုးတက်လိုကြကြောင်း၊ လူများသည် ရေကြည်ရာမြက်နုရာကို ရှာဖွေကြသဖြင့် မိမိတို့ဒေသတွင် အလုပ်အကိုင်များရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မည်ဆိုပါက အခြားနေရာများသို့ သွားရောက်နေထိုင်မှုများ နည်းပါးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ဆူကြုံနိမ့်မြင့် ကွာခြားမှုများကို နည်းပါးအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အဆိုပါဒေသများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် မဖြစ်မနေ လိုအပ်ကြောင်း၊ တစ်ဖက်မှငြိမ်းချမ်းရေးကို ဖိတ်ခေါ်ဆောင်ရွက်ပြီး တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ »»

❝ ကွာဟမှုရှိနေတဲ့ နယ်မြေတွေ ကွာဟမှုမရှိအောင်လုပ်ပေးဖို့ ဒါကတော့ ကျွန်တော်တို့ မလွဲမသွေ ဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာ ကျွန်တော့်တိုင်းပြည် ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ ကျွန်တော် ငါးနှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်။ ကျွန်တော်တို့အစိုးရ ကမ်းလှမ်းထားတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင် ဘယ်အဖွဲ့အစည်းမဆို ဘာကြိုတင် ကန့်သတ်ချက်မှ မထားဘူး။ ငြိမ်းချမ်းရေးအတွက်လာပြီးဆွေးနွေးဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ❞

»»» စာမျက်နှာ ၃ မှ

အဓိကအားဖြင့် အဆိုပါဒေသများတွင် အားနည်းချက်များရှိနေသည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြှင့်တင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိလာရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှုများနှင့် ဆက်သွယ်မှုများလည်း ယခုထက်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရောက်ရှိစေရေးအတွက် ပြည်ထောင်စုမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အသိပညာများ တိုးတက်အောင်၊ ကျန်းမာရေးကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ပြီး စားသောက်ကုန်များဖူလုံအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ၌ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များထွက်ပေါ်လာစေရေး အတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာရပ်များသင်ကြားပြီးဆုံးသည့်အချိန်တွင် ၎င်းတို့ဒေသ၌ပင် သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေး လုပ်ငန်းတာဝန်များကို ဝင်ရောက်ထမ်းဆောင်နိုင်ရန် လိုကြောင်း၊ အဓိကအားဖြင့် လူသားအရင်းအမြစ်လိုအပ်ချက်သည် အရေးကြီးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွင့်လှစ်ပေးထားသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားကြစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏အနာဂတ်အတွက် အရေးကြီးသည့်ကိစ္စရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရန်အတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံကောင်းအောင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့တာဝန်ယူပြီးနောက်ပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆပ်ကော်မတီ ခုနစ်ခုအတွက် ရန်ပုံငွေ ၁၃၉၇ ဘီလီယံ ခွင့်ပြုပေးထားပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခုအတွက်လည်း ရန်ပုံငွေ ၆၄၃ ဒသမ ၆၈ ဘီလီယံကို ခွင့်ပြုပေးထားကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် စံချိန်စံညွှန်းနှင့် ညီညွတ်အောင် ဟန်ချက်ညီညီဖြင့်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့် ကော်မတီဝင်များအနေဖြင့် စုပေါင်းအားဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**☆ မိမိတို့ဗဟိုကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းရင်းသားလူမျိုးအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်**

**☆ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကောင်းမွန်သည့် ဒေသန္တရအုပ်ချုပ်ရေးဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် နှိမ်နင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အသုံးစရိတ်များကို လျာထားတင်ပြထားသည့်အတိုင်း ဥပဒေနှင့်အညီခွင့်ပြုထားရှိမှု၊ နယ်စပ်ဒေသရှိ အခြေခံကျောင်းများအား ပညာသင်ထောက်ပံ့ကြေးများ ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့မှုနှင့် ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နယ်စပ်ဒေသရှိ ကျောင်းများ၌ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဖွဲ့စည်းထားရှိသည့် ဆရာ ဆရာမများဖြင့် ပညာသင်ကြားပေးလျက်ရှိသည့် အခြေအနေများ၊ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှု၊ နယ်စပ်ဒေသများ၌ လယ်ယာမြေကေများ ဖော်ထုတ်ပေးခဲ့မှုနှင့် မျိုးစေ့များ၊ သွင်းအားစုများ ထောက်ပံ့ပေးခဲ့မှု၊ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက်လမ်း၊ တံတားများဆောက်လုပ်ပြုပြင်ပေးလျက်ရှိမှုနှင့် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ စိုက်ခင်းဧကများ ဖော်ထုတ်ပြီး စိုက်ပျိုးလျက်ရှိမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်ရေးလမ်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်တိုက်ရိုက်အချိုးကျသည့်အတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်သွားရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးသည့် အခြေခံကျောင်းများ၌ဒေသခံတိုင်းရင်းသား ဆရာ ဆရာမများ ခန့်အပ်ပေးခြင်းအားဖြင့် ဒေသ၌နေထိုင်သည့် တိုင်းရင်းသားများ၏ ဘာသာစကားနှင့် အခြားအခက်အခဲများ ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်များအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်း၊ တံတား၊ အဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျဆောင်ရွက်သွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး နားလည်မှု၊ ယုံကြည်မှု အပြန်အလှန်ရရှိလာပြီး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးမှုများ ပိုမိုရရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ဗဟိုကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းရင်းသားလူမျိုးအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုကော်မတီ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောင်ရွက်မှုများကိုလည်း ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီစတင်ဖွဲ့စည်းချိန်မှစတင်၍ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည့် တိုးတက်မှုလုပ်ငန်း ပမာဏများကို ပြန်လည်စိစစ် သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် မိမိ၏မူဝါဒမှာ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများအတွက် အထူးပြုထားခြင်းဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများကို ထိထိရောက်ရောက် အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်သွားရန် လိုကြောင်း၊ တိုင်းရင်းသားများနှင့် ပတ်သက်၍ အသိပညာပေးမှုများကို ထုတ်ပြန်ဆောင်ရွက်ရာတွင်လည်း စိတ်ပါဝင်စားစွာဖြင့် အကြောင်းအရာများကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကျွမ်းကျင်သည့် လုပ်သားများနှင့် ပညာရှင်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝလာရန် အရေးကြီးကြောင်း။

ဒေသဝမ်းစာဖူလုံရေးနှင့် ပတ်သက်၍ စပါးစိုက်ပျိုးရန်အတွက် အခက်အခဲရှိပြီး ဒေသဝမ်းစာဖူလုံမှုမရှိသည့် ချင်းပြည်နယ်ကဲ့သို့သော ဒေသများတွင် ဝမ်းစာဖူလုံရေးအတွက် ဝဥများစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အလားတူ အဆိုပါဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လက်ဖက်၊ ကော်ဖီနှင့် ထောပတ်စိုက်ပျိုးခြင်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသဝင်ငွေတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ၎င်းတို့ကို တာဝန်ထမ်းဆောင်ရမည့် နေရာများသို့ သွားရောက် တာဝန်ထမ်းဆောင်စေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ၎င်းတို့၏သက်သာချောင်ချိရေးနှင့် ရပိုင်ခွင့်များကိုလည်း ဖန်တီးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အမှန်တကယ် ဝေးလံခေါင်ဖျားသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားမျိုးနွယ်စုများထံ ရောက်ရှိအောင်သွားရောက်ပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏အကျိုးကို အမှန်တကယ် ဖော်ဆောင်ပေးရန်လိုကြောင်း၊ ဒေသခံပြည်သူများ၏အသံများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ အသံများကို နားထောင်၍ ထိရောက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ◆ မုံရွာမြို့မှ

ဈေးရောင်းပွဲတော်တွင် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိပြီး ဈေးရောင်းပွဲသို့လာရောက်သူများ စားသောက်ရေးအဆင်ပြေစေရန် စားသောက်ဆိုင်များ၊ မုန့်အရောင်းဆိုင်များကိုလည်း ခင်းကျင်းရောင်းချလျက်ရှိသည်။

လာရောက်သူများ ဘဝအမောများ ခဏတာပြေပျောက်စေရန်နှင့် ပျော်ရွှင်မှုရရှိစေရန် စင်မြင့်ဖျော်ဖြေပွဲကိုလည်း စီစဉ်ထားပြီး ပရိသတ်နှင့်အတူ ကလေးများပျော်ရွှင်စေရန် ပျော့အိအိကစားနည်းများ၊ ချားရဟတ်များ၊ ပျော်ရွှင်ဖွယ် ကစားနည်းမျိုးစုံကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

### ❂ ပွင့်ဖြူမြို့မှ

ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ သီးနှံဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေးကျင်းပ၊ စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၆**

စားရေရိက္ခာ မူဝါဒကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ စားရေရိက္ခာ မူဝါဒကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ အထူးဖိတ်ကြားထားသော ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စားရေရိက္ခာမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် စားရေရိက္ခာမူဝါဒ ကော်မရှင် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေး ဟူ၍ အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်ကို ချမှတ်ထားရှိကြောင်း၊ ယခုအစည်းအဝေးသည် ယမန်နေ့က ကျင်းပခဲ့သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ တိုင်းပြည် သာယာဝပြောရေးအတွက် MSME လုပ်ငန်းများဖြင့် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတစ်ဝန်းလုံး စားရေရိက္ခာဖူလုံရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာ စသည်ဖြင့် အစုစုသော စိုက်ပျိုးဧက ၃၃ သန်းကျော်ရှိကြောင်း၊ စပါးစိုက်ပျိုးဧက ၁၅ သန်း၊ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၇ သန်းနှင့် နှမ်းစိုက်ပျိုးဧက ၄ သန်း စသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးရေးနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဟန်ချက်ညီညီ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ ဝင်ငွေများ တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်မှာ မလွဲမသွေပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း။

စားရေရိက္ခာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိုက်ရိုက်စားသုံးသည့် စားကုန်ပစ္စည်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ၊ ရိက္ခာဆိုသည်မှာ တိုက်ရိုက်စားသုံး၍မရသည့် မီးဖိုချောင်သုံးသီးနှံများ အပါအဝင် ဆန်၊ ဂျုံ၊ ပြောင်း စသည်ဖြင့်ပစ္စည်းများဖြစ်ကြောင်း၊ ရိက္ခာကို မြန်မာစာအဘိဓာန်တွင် အမှုထမ်းများအား အချီးကျဝေငှပေးသော စားသောက်ဖွယ်ရာ ပစ္စည်းများ၊ လစာငွေ၊ နောင်တွင်စားသုံးရန်အတွက် စုဆောင်းထားသော ဆန်ရေစပါးစသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် နေ့စဉ်အသုံးပြုနေရသည့် စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များရှိကြောင်း၊ အဆိုပါရိက္ခာတွင် ပါဝင်သော နေ့စဉ်လိုအပ်လျက်ရှိသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ လုံလောက်စွာဖြင့်ရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း။

ရေနှင့်ပတ်သက်၍ **"ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်"** ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် ရေလုံလောက်စွာ ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှရရှိသည့် ရေ၊ ချောင်းရေ မြောင်းရေနှင့် မြစ်ရေ၊ ဆည်မြောင်း တာတမံများမှရရှိသည့် ရေနှင့် မြေအောက်ရေဟူ၍ ရှိကြောင်း၊ အဆိုပါရေများကို နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ နိုင်ငံတော်အတွက် အရန်ရေရရှိရေး မည်သို့ဆောင်ရွက်မည်ကို မူဝါဒများ ချမှတ် ဆောင်ရွက်သွားရန်လိုကြောင်း။

ရိက္ခာနှင့်ပတ်သက်၍ တိုက်ရိုက်စားကုန်မဟုတ်သည့် ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နိုင်ငံအတွက် ဝမ်းစာဖူလုံရေးသည် အဓိကမူဝါဒဖြစ်ကြောင်း၊ ဝမ်းစာဟုဆိုရာတွင် စားသောက်ရန် လိုအပ်သည့် စားကုန်အားလုံး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြည်တွင်း၌ပင် ဖူလုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ အချို့ဒေသများတွင် မရှိသည့် စားကုန်များကို အခြားထွက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖြန့်ခွဲပေးပို့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဆိုပါအခြားဒေသများသို့ ပေးပို့ရသည့်စားကုန်များကို ပြည်တွင်း၌ လုံလောက်စွာရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းစာရေရိက္ခာ ဖူလုံမှုရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုး၍ ဖြစ်ထွန်းသည့် အသီးအနှံများကို ပြည်တွင်း ဖူလုံမှုရှိအောင် စိုက်ပျိုးသွားနိုင်ရေး မူဝါဒအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်ပသွင်းကုန်အစားထိုးရေးနှင့်ပတ်သက်၍ စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပဲပုပ်၊ ဆီအုန်း စသည်ဖြင့် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး မူဝါဒချမှတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဂျုံကိုလည်း ပြည်ပမှ နှစ်စဉ် တင်သွင်းနေရသဖြင့် ပြည်တွင်း ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး မူဝါဒချမှတ်ထားရှိကြောင်း၊ စိုက်ပျိုးရေး သုတေသနဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး သုတေသနပြုထားသည့် အချက်အလက်များနှင့် နိုင်ငံတကာမှ သုတေသနပြုထားသည့် အချက်အလက်များကို နှိုင်းယှဉ်သုံးသပ် စနစ်တကျတွက်ချက်၍ အဆိုပါ ပန်းတိုင်ရည်မှန်းချက်များကို သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းရန်၊ မြေပြုပြင်ခြင်း ဆောင်ရွက်ရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာ ရရှိရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို ရွေးချယ်မွေးမြူရန်၊ အရည်အသွေးပြည့်မီသည့် တိရစ္ဆာန်အစာများ ကျွေးမွေးရန်နှင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ တိုက်ကျွေးရန်၊ နည်းစနစ်တကျ မွေးမြူဆောင်ရွက်သွားရန် လိုကြောင်း။

စာမျက်နှာ ၆ သို့ ❍

❖ **မိမိတို့နိုင်ငံတွင် နေ့စဉ်အသုံးပြုနေရသည့် စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များရှိကြောင်း၊ အဆိုပါရိက္ခာတွင်ပါဝင်သော နေ့စဉ်လိုအပ်လျက်ရှိသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကိုပြည်တွင်း၌ လုံလောက်စွာဖြင့်ရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများဖြင့် ထုတ်လုပ်နိုင်ရန်လို**

❖ **စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်လို၊ မျိုးကောင်းရန်၊ မြေပြုပြင်ခြင်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်လို**

❖ **မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို ရွေးချယ်မွေးမြူရန်၊ အရည်အသွေးပြည့်မီသည့် တိရစ္ဆာန်အစာများ ကျွေးမွေးရန်နှင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ တိုက်ကျွေးရန်၊ နည်းစနစ်တကျ မွေးမြူဆောင်ရွက်သွားရန်လို**

○ စာမျက်နှာ ၅ မှ

သို့မှသာ ဈေးကွက်ဝင်အရွယ် အစားနှင့် အထွက်နှုန်းကောင်းမွန်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်း ကော်မတီဖွဲ့စည်းပြီး မဟာဗျူဟာ များချမှတ်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဧက ၃၃ သန်းရှိပြီး မိမိတို့ နိုင်ငံအတွက် လုံလောက်မှုရှိကြောင်း၊ စိုက်ပျိုးဧကများတိုးချဲ့ခြင်းထက် မြေကို အကျိုးရှိရှိ အသုံးချ၍ အထွက်နှုန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် ရိက္ခာဖူလုံအောင် ဆောင်ရွက်ရာတွင် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ တိုးတက်ရေး ဆောင်ရွက်နိုင်ကြောင်း၊ စစ်ကိုင်း၊ မန္တလေးနှင့် မကွေး စသည့်တိုင်းဒေသကြီးတို့တွင် ယာစိုက်ပျိုးမှု များ များပြားကြောင်း၊ ယာမြေများကို မြေပြုပြင်ခြင်းများ ဆောင်ရွက်၍ အသွင်ပြောင်းလယ်များအဖြစ် ဆောင်ရွက်ပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မူဝါဒချမှတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်သည့်ဒေသများတွင် သီးထပ် စွမ်းအားကို ၃၀၀ ရာခိုင်နှုန်းအထိ ရရှိအောင် အဆင့်ဆင့်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရေအသုံးချမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများမှ ရေများ၏ ၂၀ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးရှိရှိ သုံးစွဲနိုင်သည်ကို တွေ့ရပြီး ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းခန့်မှာ ပင်လယ်အတွင်းသို့ စီးဆင်းသွားခြင်း ဖြစ်ကြောင်း၊ အပင်များ ရှင်သန်ကြီးထွားရန် အတွက် ရေသည် မဖြစ်မနေ လိုအပ်ကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများမှ စိုက်ပျိုးရေများ ရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်း များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်မည် ဆိုပါက သီးနှံများကို ရာသီမရွေး အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပြီး သီးထပ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

မြစ်ချောင်းများတွင် နှစ်စဉ် ရေကြီးရေလျှံမှုများနှင့် ရေစီးကြောင်း ပြောင်းလဲမှုများကြောင့် နုန်းပို့ချမှုများ ဖြစ်ပေါ်ကာ မြစ်ချောင်း ကြမ်းပြင်များ မြင့်တက်ခြင်းနှင့် အချို့နေရာများတွင် တရားမဝင်ရွှေတူးဖော်ခြင်းများ ဆောင်ရွက်ခြင်းများကြောင့် နုန်းတင်ခြင်းများ ဖြစ်ပေါ်ပြီး မြစ်ချောင်းများ တိမ်ကောခြင်း ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများကို ပြန်လည်ဆယ်တင်ခြင်းနှင့် ရေလမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နွေရာသီကာလ စိုက်ပျိုးရေရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ် ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ သဲချောင်းများတွင် မြေအောက်တမံများ တည်ဆောက်ခြင်း ဆောင်ရွက်နိုင်သကဲ့သို့ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ချောင်းများ၊ မြောင်းများ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်မှုများ ဖြစ်ပေါ်လာပြီး မြေအောက်ရေကိုလည်း ထိုက်သင့်သလောက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရေများကိုလည်း သိုလှောင်၍သုံးစွဲရန် လိုကြောင်း၊ ရေကိုအဟောသိကံ သုံးစွဲမှုမရှိစေရေး ရေသုံးစွဲမှုစနစ်များ မှန်ကန်ရန်နှင့် ရေကို စနစ်တကျအသုံးချနိုင်ရေး မူဝါဒချမှတ် ဆောင်ရွက်သွားရန်လိုကြောင်း။

မြေဩဇာနှင့် ပတ်သက်၍ မြေဩဇာများ ထည့်သွင်းမှသာ သီးနှံများ အထွက်နှုန်းတိုးတက်မည်ဖြစ်ကြောင်း၊ မြေဩဇာတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာဟူ၍ နှစ်မျိုးရှိပြီး မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ဓာတ်မြေဩဇာများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် ပြည်တွင်းမှထုတ်လုပ်နိုင်သည့် သဘာဝမြေဩဇာကို အကျိုးရှိ ထိရောက်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည် ဖြစ်ပြီး ဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများကို စနစ်တကျသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် သွားလာရေးခက်ခဲသည့် နယ်စပ်ဒေသများ၌ သဘာဝမြေဩဇာများကို ကိုယ်တိုင်ထုတ်လုပ်အသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးစရိတ်ချေးငွေများ ထပ်မံထုတ်ချေးပေးခြင်း အပါအဝင် နိုင်ငံတော်မှ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုကြောင်း။

ရိက္ခာတွင်ပါဝင်သော မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် စိုက်ပျိုးသည့် သီးနှံများအရည်အသွေး ကောင်းမွန်စေရေး၊ အရောင်၊ အနံ့၊ အရသာ၊ အရွယ်အားဖြင့် ကောင်းမွန်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သုတေသနပြု ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဂျုံစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဂျုံကို အဓိက စိုက်ပျိုးကြကြောင်း၊ ပြည်တွင်း ဂျုံစိုက်ပျိုးမှုများ တိုးတက်အောင် ထုတ်လုပ်၍ ပြည်တွင်းဂျုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဂျုံစားသုံးမှုသည် ခန္ဓာကိုယ် ထွားကျိုင်းမှုကို အထောက်အကူဖြစ်စေသဖြင့် ဂျုံစားသုံးမှုမြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ကြိတ်ခွဲရာတွင် အရည်အသွေးပြည့်မီစွာဖြင့် ကြိတ်ခွဲနိုင်ရန် လိုကြောင်း၊ ထွက်ရှိလာသည့် အရည်အသွေးအပေါ် မူတည်၍ ဈေးကွက်ရရှိမှုနှင့် ဈေးရရှိမှုများ ကွာခြားသွားမည် ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆန်နှင့် ဆီများ ထုတ်လုပ်နိုင်ရေး ဆန်စက်နှင့် ဆီစက်များ ကောင်းမွန်ရန်လိုသဖြင့် မူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ပေါ်ဆန်းစပါးသည် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သဖြင့် ရာသီဥတုနှင့် မြေအခြေအနေပေးသည့် နေရာများတွင် ရွေးချယ်စိုက်ပျိုးကာ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်း တိုးတက်အောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ မွေးမြူရေးတွင် မရှိမဖြစ်လိုအပ်ချက်မှာ တိရစ္ဆာန်အစာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိရစ္ဆာန်အစာများ လုံလောက်စွာထွက်ရှိပြီး ပြည်ပမှ တင်သွင်းရမှု နည်းပါးကြောင်း၊ ဆန်ကွဲ၊ ဖွဲ၊ ပြောင်းများသည် နိုင်ငံတစ်ဝန်းတွင် ထွက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေးထွက်ကုန်များမှ တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သဖြင့် မွေးမြူရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးချ ဆောင်ရွက်သွားရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မွေးမြူရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်သူများ၏ စားရေးကို လုံလောက်အောင်ဆောင်ရွက်ပေးခြင်းသည်လည်း ကုသိုလ်တစ်မျိုးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးများကို အဓိကထားစားသုံးကြသဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသများအလိုက် ကျွဲ၊ နွား ရှားပါးလာသကဲ့သို့ နွားမွေးမြူမှုများ နည်းပါးလာသည်ကို တွေ့ရကြောင်း၊ အသားစားနွားနှင့် နို့စားနွားများကို ပိုမိုတိုးတက်အောင် မွေးမြူခြင်းဖြင့် စားရေးကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ထွက်ရှိသည့် သားရေများဖြင့်လည်း ဖိနပ်နှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ပြီး အရိုးကို မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ အလားတူ ငါး၊ ပုစွန်များကိုလည်း တိုးချဲ့မွေးမြူရန် လိုကြောင်း၊ အသားငါးမူဝါဒနှင့် ပတ်သက်၍ ပြည်သူများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်မှ မြစ်ချောင်းများအတွင်း ငါးမျိုးများကို နှစ်စဉ်အခမဲ့ စိုက်ထည့်ပေးလျက်ရှိကြောင်း၊ ပြည်သူများ သက်သက်သာသာ ပေါပေါများများဖြင့် စားသုံးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်၊ IT ခေတ်၊ AI ခေတ်ဖြစ်လာပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် မကြာမီက သွားရောက်ခဲ့သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံခရီးစဉ်များတွင် အဆိုပါနိုင်ငံများ၏ ခေတ်မီစိုက်ပျိုးရေးစနစ်များကို လေ့လာသိရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ခေတ်မီသည့် စိုက်ပျိုးရေးစနစ်ကို တတ်နိုင်သည့် ကဏ္ဍများတွင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ စက်မှုလယ်ယာ စနစ်ကိုလည်း ဖော်ဆောင်နိုင်ရန် လိုကြောင်း၊ ကျွဲ၊ နွားများ ရှားပါးလာခြင်းနှင့် လုပ်သားအင်အား ရှားပါးလာမှုများကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် စက်ပစ္စည်း ကိရိယာများကို လုံလောက်စွာ အသုံးပြုနိုင်ရန် လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သိပ္ပံနည်းကျ ခေတ်မီသည့် စိုက်ပျိုးရေးစနစ်၊ အိုင်တီစနစ်၊ AI စနစ်များ၊ စက်ကိရိယာများကို အသုံးချနိုင်ရန်လိုကြောင်း။

နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ အလားတူ အခြေခံပညာအလယ်တန်းမှ စတင်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက်လည်း သက်ဆိုင်ရာ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များအလိုက် ပညာသင်ဆု ပေးခြင်းများကို ဆောင်ရွက်သွားရန် လိုကြောင်း။

ရိက္ခာဆိုသည်မှာလည်း နောင်တွင် စားသုံးမည့် စုဆောင်းထားသည့် ဆန်ရေစပါးဖြစ်ကြောင်း၊ အဓိကအားဖြင့် အရန်ဆန်နှင့် စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုဆောင်းသိုလှောင်ထားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အဆိုပါသိုလှောင်ထားသည့် အရန်ဆန်နှင့် စပါးများသည် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ခြင်းကြောင့် ပြည်တွင်း၌ စားရေရိက္ခာများ ဖူလုံစွာရှိနေရန်နှင့် ခိုင်ခိုင်မာမာ ပြည့်စုံဖူလုံနေစေရန် မူဝါဒချမှတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိ၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာတွင်စားရေရိက္ခာအဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ပဲနှင့် အခြားစားသောက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများကို ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေး အမြဲသုတေသနပြုလေ့လာသုံးသပ် စနစ်တကျကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မြေပြင်အချက်အလက်များ မှန်ကန်ပြည့်စုံစွာဖြင့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် စနစ်တကျစီမံကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေးအတွက် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နေပြည်တော် ကောင်စီနယ်မြေ စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်များနှင့်

စာမျက်နှာ ၇ သို့ ○

✧ ရိက္ခာဆိုသည်မှာလည်း နောင်တွင်စားသုံးမည့် စုဆောင်းထားသည့် ဆန်ရေစပါးဖြစ်၊ အဓိကအားဖြင့် အရန်ဆန်နှင့် စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုဆောင်းသိုလှောင်ထားနိုင်ရေး ဆောင်ရွက်သွားရန်လို

✧ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အဆိုပါသိုလှောင်ထားသည့် အရန်ဆန်နှင့် စပါးများသည် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်း၌ စားရေရိက္ခာများ ဖူလုံစွာရှိနေရန်နှင့် ခိုင်ခိုင်မာမာပြည့်စုံဖူလုံနေစေရန် မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်၊ မိမိ၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် စားရေရိက္ခာ အဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရမည်

✧ ထို့ကြောင့် ဆန်၊ ပဲနှင့် အခြားစားသောက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများကို ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေး အမြဲသုတေသနပြုလေ့လာသုံးသပ် စနစ်တကျကြိုးပမ်းဆောင်ရွက်သွားရန်လို

✧ မြေပြင်အချက်အလက်များ မှန်ကန်ပြည့်စုံစွာဖြင့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် စနစ်တကျစီမံကြိုးပမ်းဆောင်ရွက်

○ စာမျက်နှာ ၆ မှ

အသားငါးများအား ဖြန့်ဖြူးရောင်းချပေးနေမှု၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ပုစွန်များကို ဇုန်များအလိုက် မွေးမြူထားရှိမှုနှင့် တိုးချဲ့မွေးမြူသွားမည့် အစီအမံများ၊ တိရစ္ဆာန်အစာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ ဒေသတွင်းနေထိုင်သည့် လူဦးရေအချိုးအစားများအလိုက် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သတ်မှတ်နှစ်အလိုက် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများ၊ မျိုးကောင်း မျိုးသန့် များ ထုတ်လုပ်နိုင်ရေးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အကောင်အထည်ဖော်ဆောက်ရွက်လျက်သည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဒေသတွင်း စားသုံးမှုမှပိုလျှံသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချနေမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စနစ်တကျ စီမံဆောင်ရွက်ထားရှိမှုနှင့် အရန်မျိုးစေ့များ၊ တိရစ္ဆာန်သုံးဆေးဝါးများ သိုလှောင်ထားရှိမှု၊ စက်မှုလယ်ယာစနစ် ဖော်ဆောင်ထားရှိမှုနှင့် စက်မှုလယ်ယာသုံးကိရိယာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်ပနိုင်ငံအချို့၏ စားရေရိက္ခာမူဝါဒမဟာဗျူဟာများမှ လေ့လာတွေ့ရှိချက်များ၊ ပေါင်းစည်းလယ်ယာစနစ် ဆောင်ရွက်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နေမှုနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိစေရန် ပညာရှင်များ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက် ရရှိရေးအတွက် တောင်သူ လယ်သမားများကို ကူညီဆောင်ရွက်နိုင်ရန်အတွက် လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နွားမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့် စိုက်ပျိုးမြေများကို ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြစ်ချောင်းများအတွင်း ရေထုထည်ပမာဏ ထိန်းသိမ်းခြင်းနှင့် ရေအရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဥပဒေနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးတွင် နိုင်ငံတော်ပိုင်းအနေဖြင့် နိုင်ငံတော်အမြင်နှင့် မူဝါဒများ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့် ၎င်းတို့လက်တွေ့ဆောင်ရွက်နေရသည့် လုပ်ငန်းအတွေ့အကြုံအမြင်များ၊ အဖွဲ့ချုပ်များအနေဖြင့်လည်း ၎င်းတို့၏အမြင်များကို ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံ၍ လုပ်ငန်းကော်မတီများအလိုက် အသေးစိတ်ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတိုင်းတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နေကြသူ များစွာရှိကြောင်း၊ တောင်သူ လယ်သမားများသည် ပြည်သူများ ထမင်းစားနိုင်ရန်အတွက် ဆောင်ရွက်ပေးနေသူများဖြစ်သဖြင့် ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တောင်သူများအတွက်စဉ်းစားပြီး စီမံပေးသကဲ့သို့၊ ကြည့်သကဲ့သို့ တောင်သူများဘက်ကလည်း စိုက်ကေများ အပြည့်အဝစိုက်ပျိုးရန်နှင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးမြူရေး လုပ်ငန်းများတွင်လည်း လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို လုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာမူဝါဒနှင့်ပတ်သက်၍ မည်ကဲ့သို့ အထောက်အကူဖြစ်အောင်ဆောင်ရွက်မည်၊ မည်ကဲ့သို့ အကျိုးရှိရှိဆောင်ရွက်မည်၊ အရန်စားရေရိက္ခာများ မည်ကဲ့သို့ သိုလှောင်ထားရှိမည်၊ ပြည်တွင်း ပြည်ပရောင်းချမှုများကို မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်မည်ကို စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း။

စုပေါင်းအားဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မည် ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်သားများသည် နိုင်ငံတော်နှင့် ကမ္ဘာ့စားရေရိက္ခာအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေကြသူများဖြစ်သဖြင့် များစွာအလေးထားကြောင်း၊ ထို့ကြောင့် ယခုစားရေရိက္ခာကော်မရှင်ကို မိမိကိုယ်တိုင် ဦးစီး၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အသေးစိတ် ထပ်မံဆွေးနွေးပြီး Action Plan များရေးဆွဲ၍ လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **စီးပွားရေးမှ**

ပြပွဲကို ဇွန် ၂၆ ရက်မှ ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရားလမ်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ခင်းကျင်းပြသလျက်ရှိပြီး ပြပွဲတွင် အသေးစား၊ အလတ်စား MSMEs လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ၊ စားသောက်ကုန်နှင့် လူသုံးကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အလှကုန်၊ ဖက်ရှင်နှင့် လက်မှုပစ္စည်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများပါဝင်ပြသလျက်ရှိသည်။

အဆိုပါ ပြပွဲ(Expo)အား ပါဝင်ခြင်းဖြင့် မိမိလုပ်ငန်းနှင့် ထုတ်ကုန်များကို လူသိများစေရန်၊ ဖောက်သည်အသစ်များရရှိစေရန်၊ တရုတ်နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့်ချိတ်ဆက်နိုင်ရန်၊ ကိုယ်စားလှယ်များ၊ ဖြန့်ချိရေးလုပ်ငန်းများနှင့် တွေ့ဆုံနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှာဖွေနိုင်ရန်၊ အခွင့်အရေးကောင်းများရရှိစေရန် ကျင်းပခြင်းဖြစ်ပြီး ပြပွဲသို့ လာရောက်လေ့လာသူများဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

---

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုပြီး ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဇွန် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့တွင် ချင်းပြည်နယ် တီးတိန်မြို့ရှိ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး အပါအဝင် ကျန်းမာရေးဝန်ထမ်း ၈၀ ဖြင့် ခွဲစိတ်ကုသမှုနှင့် ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိရာ ခွဲစိတ်ကုသမှုခံယူသူ ၁၇ ဦး၊ မီးဖွားသူ ၁၄ ဦး၊ ဖျားနာလူနာ ၁၁ ဦး စုစုပေါင်း ၄၃ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိသည်။

ထို့နောက် ဆေးရုံဝင်းအတွင်းရှိအဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ကြေးနှင့် ကော်ဖီထုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



# ကြံခင်းမြို့ အထက(၁)၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ကြံခင်း ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ အထက(၁) အောင်ကျော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးသည်။

ဦးစွာ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးအောင်မျိုးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

---

❖ **လမ်းပန်းဆက်သွယ်ရေးမှ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ ကချင်ပြည်နယ်မှ အထက(၁) တနိုင်း၊ အထက-ရှင်ဗွေယန်၊ အထက(၁)မိုးညှင်း၊ အထက(၂)မိုးညှင်း၊ အထက-ဟိုပင်၊ အထက(၁)မိုးကောင်း၊ အထက-နမ္မတီး၊ အထက-ပင်းဘော၊ အထက-ဖားကန့်၊ အထက-ကာမိုင်း၊ အထက(၁)ရွှေကူ၊ အထက-ပူတာအို၊ အထက-မချမ်းဘော့နှင့် အထက-နောင်မွန်စာစစ်ဌာန၊ ကရင်ပြည်နယ်မှ အထက-ဘုရင့်နောင်တပ်၊ အထက-လိပ်သို၊ အထက-ကမမောင်းနှင့် အထက (၂) ကော့ကရိတ် စာစစ်ဌာန၊ ချင်းပြည်နယ်မှ အထက(၁)တီးတိန်စာစစ်ဌာန၊ ရခိုင်ပြည်နယ်မှ အထက-သက္ကေပြင်ကုန်း၊ အထက(၁)ကျောက်ဖြူ၊ အထက(မာန်အောင်)၊ အထက(ခွဲ)ဈေးတန်း၊ အထက-ဇရပ်ကုန်းခင်၊ အထက-ကျောက်တန်းနှင့် အထက-ကမားစာစစ်ဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အထက-တင်းထက်၊ အထက-မိုင်းကိုင်၊ အထက-ကွန်ဟိန်း၊ အထက-မိုင်းရှူး၊ အထက-ဝမ်ကန်၊ အထက-ကျေးသီး၊ အထက-မိုင်းနောင်(ကျေးသီး)နှင့် အထက-မောက်မယ်စာစစ်ဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အထက(၁) တန့်ယန်း၊ အထက-မိုင်းရယ်၊ အထက(၂) မူဆယ်၊ အထက(၁) ကျောက်မဲနှင့် အထက-နမ့်လန်စာစစ်ဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ အထက-မိုင်းခတ်၊ အထက-မိုင်းပျင်း၊ အထက-မက်မန်း၊ အထက-မိုင်းဆတ်၊ အထက-မိုင်းတုံ၊ အထက-မိုင်းဖြတ်နှင့် အထက-မိုင်းယောင်းစာစစ်ဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ အထက-ကျွန်းစု၊ အထက(၁) ပုလောနှင့် အထက-ဘုတ်ပြင်း စာစစ်ဌာန၊ မကွေးတိုင်းဒေသကြီးမှ အထက-ငဖဲ၊ အထက-ပဒါန်း၊ အထက-ရေစကြို၊ အထက-ပေါက်၊ အထက-ဂန့်ဂေါ၊ အထက-ကျောနှင့် အထက-ဟံသာဝတီစာစစ်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အထက(၁)ကလေး၊ အထက(၃) ကလေး၊ အထက(၆) ကလေး၊ အထက-အင်ဒိုင်းကြီး၊ အထက-မင်းကင်း၊ အထက-ပန်းဆက်၊ အထက-ကလေးဝ၊ အထက(၁)တမူး၊ အထက(၁)ကန့်ဘလူ၊ အထက-ထန်းကုန်း၊ အထက(၁)ရေဦး၊ အထက-အရာတော်၊ အထက(၁) ကသာ၊ အထက-ဗန်းမောက်၊ အထက- ဝန်းသို၊ အထက-မော်လိုက်၊ အထက-ကင်းတပ်၊ အထက-ဖောင်းပြင်၊ အထက(၁)ဟုမ္မလင်း၊ အထက(၂)ဟုမ္မလင်း၊ အထက- ကတ်သာ၊ အထက-မောင်းခမ်း၊ အထက-ထမံသီ၊ အထက-နမ့်တော၊ အထက-လေရှီး၊ အထက-ဆွမ္မရာ၊ အထက-ပန်ဆပ်၊ အထက-လဟယ်၊ အထက-နန်းယွန်းနှင့် အထက-ပန်ဆောင်စာစစ်ဌာန၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)မှ အထက-ကျောက်ကြီးစာစစ်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ အထက-ကိုကိုးကျွန်း စာစစ်ဌာနတို့ ဖြစ်သည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ ကချင်ပြည်နယ်မှ အစမ(မိုးညှင်း) စာစစ်ဌာန၊ ကယားပြည်နယ်မှ အစမ(ချီကယ်) စာစစ်ဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ အစမ(ပေါင်လင်း) စာစစ်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အစမ(လဟယ်)နှင့် အစမ(နန်းယွန်း) စာစစ်ဌာနတို့ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ လှိုင်းတို(၅၀ ဒသမ ၇၁ မီတာ) (၅၉၁၅ ကီလိုဟက်ဇ်)မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ်(၄၁၁ ဒသမ ၅၂ မီတာ) (၇၂၉ ကီလိုဟက်ဇ်) မှလည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံထုတ်ပြန်ချက်ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း

နေပြည်တော် ဇွန် ၂၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ Jeng Phang နော်တောင်နှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **"အာဆီယံထုတ်ပြန်ချက် ငါးရပ် (ASEAN Five-Point Statement)သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူ ရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး ကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံ မူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိ ပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့် အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင် ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုအပါအဝင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော် က မှတ်တမ်းတင်ခြင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်း ကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ မြန်မာ-ဘယ်လာရုစ်အခွန်ဆိုင်ရာ သဘောတူစာချုပ်ပေးပို့ နိုင်ရေး၊ ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် တစ်လ ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စရပ်တို့ကို ဆောင်ရွက်ကြ သည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်အား စစ်ဘက် မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ဗိုလ်မှူးကြီး ရန်ကြီးအောင်ကို ခန့်အပ်တာဝန်ပေးခြင်း ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အစည်းအဝေးတတိယနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံလွှတ်တော် အဖွဲ့(Myanmar Parliamentary Union-MPU)တွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အစည်းအဝေးတတိယနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် အာဆီယံပါလီမန် များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ(Joint Committee on ASEAN Inter-Parliamentary Assembly-JCAIPA)နှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ(Joint Committee on Inter-Parliamentary Union-JCIPU)တို့ တွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ သတ်မှတ်ချက်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထား သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေခွန်အပေါ်



အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန် ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးချုပ်ဆိုခဲ့ သည့် သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ၏ အသိပေး အကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ခွင့်ပြုချက် အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန် ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူ စာချုပ်ကို မြန်မာနိုင်ငံကိုယ်စား ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နေပြည်တော်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါ ကြောင်း။

အဆိုပါ သဘောတူစာချုပ် အကျိုးသက်ရောက် စေခြင်းနှင့် စပ်လျဉ်းပြီး စာချုပ်၏ အပိုဒ် ၃၁၊ အပိုဒ်ခွဲ (၁)အရ စာချုပ်ဝင်နိုင်ငံများအချင်းချင်း သက်ဆိုင်ရာ ဥပဒေအရ လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ပြီးစီးကြောင်း အသိပေးအကြောင်း ကြားစာကို အပြန်အလှန် ပေးပို့ရမည်ဖြစ်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံဘက်က ၂၀၂၆ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ပြည်တွင်းလုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးကြောင်း အကြောင်း ကြားစာပေးပို့လာခဲ့ပြီး ဖြစ်ပါကြောင်း။

ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ် တားဆီးရေး သဘောတူစာချုပ် ချုပ်ဆိုထားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံ ခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံ အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက် လာစေနိုင်ခြင်း၊ အခွန်ဌာနများအကြား သတင်း အချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန် တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်ခြင်းဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံ အကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန် လာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

သဘောတူစာချုပ်သည် ဝင်ငွေခွန်အမျိုးအစား တစ်မျိုးတည်းဖြင့်သာ သက်ဆိုင်သည့် စာချုပ်ဖြစ်ပြီး နှစ်နိုင်ငံ၏ ဌာနေပုဂ္ဂိုလ်များဖြစ်သော တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ အပေါ် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း၊ စာချုပ်တွင် နှစ်နိုင်ငံအခွန်ဌာနများအကြား သတင်း အချက်အလက်ဖလှယ်နိုင်သည့် ပြဋ္ဌာန်းချက်ပါရှိ သည့်အတွက် အခွန်တိမ်းရှောင်မှုများကို နှစ်နိုင်ငံ ပူးပေါင်းကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့်လည်းကောင်း၊ အခြားမိတ်ဖက်နိုင်ငံများဖြစ်သည့် ယူနိုက်တက် ကင်းဒမ်းနိုင်ငံ၊ တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံတို့နှင့် လည်းကောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ် တားဆီးရေးသဘောတူစာချုပ်များ ချုပ်ဆိုထားပြီး ဖြစ်၍ နှစ်နိုင်ငံအခွန်ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သဘောတူစာချုပ်အား အကျိုးသက် ရောက်စေရေး၊ မြန်မာနိုင်ငံဘက်က အသိပေး အကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက် သို့ ပေးပို့နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင် ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထား သော ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူး ကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ကာလ တစ်လထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် တစ်လခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုကာလတွင် အရှေ့ အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် အခြားဒေသ တွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီ ဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေ အနေနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန် ဆောင်ရွက်မှုအခြေအနေများအပေါ် လစဉ်စိစစ် သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို မေလအတွက် တစ်လထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြု ရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ပြင် သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ် အားပေးစက်ရုံများအတွက် သဘာဝဓာတ်ငွေ့ရည် (LNG)ကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအပေါ် ၂၀၂၆ ခုနှစ် မေလ အတွက် တစ်လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ် ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့် အခွန်ငွေများကိုလည်း ပြန်လည် ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့် ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံ သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူခွင့်ပြုချက် အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန် တင်ပြရခြင်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လ ထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas-LNG)အပေါ် ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ၃၁ ရက် အထိ တစ်လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု နိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်း တင်ပြသည်။

အဆိုပါ ကိစ္စနှင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှဒေါက်တာ နန္ဒာလှမြင့်က **"အာဆီယံ ထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူ ရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေ နှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော်သို့ တင်သွင်းရာတွင် မိမိတို့နိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်မှစပြီး အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်က စင်ကာပူနိုင်ငံ တွင် အာဆီယံအဖွဲ့ထူထောင်သည့် နှစ်(၄၀)ပြည့် အခမ်းအနားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ အကြီးအကဲ များ၊ အစိုးရအဖွဲ့အကြီးအကဲများ တွေ့ဆုံပြီး သဘော တူလက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံပဋိညာဉ် စာတမ်း (ASEAN Charter)ကိုလည်း မိမိတို့နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့ထက်တိုင် တာဝန် သိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပဋိညာဉ်စာတမ်း ပါ အခြေခံမူများအတိုင်း တက်ကြွစွာ အလေးထား လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၉ သို့** ☆

☆ စာမျက်နှာ ၈ မှ

အာဆီယံပဋိညာဉ်စာတမ်း၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံ၏ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊သဘောတူညီချက်များနှင့် အခြားစာချုပ်စာတမ်းများပါ အခြေခံမူများကို လိုက်နာရမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု၍ သဘောတူညီထားသည်ကို တွေ့ရပါကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်တစ်ဝန်းလုံးကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က တာဝန်ယူထိန်းသိမ်းခဲ့ပါကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားနိုင်ငံရေးကို ရှေးရှုကာ နိုင်ငံ့တာဝန်ကို ဦးဆောင်စဉ်ကာလတွင် UN အစည်းအဝေး၌ ကမ္ဘာ့နိုင်ငံအများစုသည် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြပြီး အာဆီယံအသိုင်းအဝိုင်းကလည်း ထိုနည်းတူစွာ မြန်မာနိုင်ငံအား ဖိအားပေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အာဆီယံသည် ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ အစဉ်အလာကောင်းများ ချမှတ်ကာ ထိန်းသိမ်းဖော်ဆောင်လျက်ရှိသည့်အတွက် တစ်ကမ္ဘာလုံးက လေးစားဂုဏ်ယူရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအနေဖြင့် ဒေသတွင်း မဟာဗျူဟာအရ အားပြိုင်မှုများ ပိုမိုဖြစ်ပွားလာချိန်တွင် ကွဲပြားမှုများရှိသော်လည်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ဘုံတန်ဖိုးထားမှုအပေါ် အလေးထားဆောင်ရွက်ခဲ့သည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

အာဆီယံက ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံခေါင်းဆောင်များအစည်းအဝေး (ASEAN Leaders' Meeting)အပြီးတွင် အာဆီယံတူညီဆန္ဒငါးချက်ဟုဆိုသည့် အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်(Chairman's Statement) နောက်ဆက်တွဲအနေဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက် ငါးချက်မှာ **အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန် (Immediate Cessation of Violence)** မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်၊ **အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှု(Constructive Dialogue)** ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသောအဖြေရရှိရန် သက်ဆိုင်သူအားလုံးအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ရန်၊ **ASEAN အထူးကိုယ်စားလှယ်၏ အကူအညီဖြင့် ဆောင်ရွက်ခြင်း (Special Envoy Facilitation)** အာဆီယံအတွင်းရေးမှူးချုပ်၏ ပံ့ပိုးမှုဖြင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေဆောင်ရွက်ရန်၊ **လူသားချင်းစာနာမှုအကူအညီ (Humanitarian Assistance)** အာဆီယံသည် အာဆီယံလူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှု (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management–AHA Centre) မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်၊ **အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံခြင်း(Envoy Visit)** အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် သက်ဆိုင်သူများအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ သွားရောက်ရန်ဆိုသည့် အချက်များဖြစ်ပါကြောင်း။

ပထမဆုံးတင်ပြလိုသည်မှာ ယင်းအချက်ငါးချက်သည် တူညီဆန္ဒငါးချက်ဟု ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို မူကြမ်းကြိုတင်ချပြပြီး သဘောတူညီချက်ရယူပြီးမှ ထုတ်ပြန်ခဲ့သည့် အာဆီယံ၏ထုတ်ပြန်ချက်မဟုတ်ဘဲ အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်၏ နောက်ဆက်တွဲအနေဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထုတ်ပြန်ချက်အပေါ်တွင် မိမိနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှု၊ အာဆီယံ၏ မူဘောင်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဟု အသိပေးတုံ့ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း။



ပင်လောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းရီရီဝင်း ထောက်ခံဆွေးနွေးစဉ်။



ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် အဆိုတင်သွင်းစဉ်။

သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် အာဆီယံထုတ်ပြန်ချက်ငါးရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းပေးရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်ဆိုသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် အကြံပြုခဲ့သည်ဟု ထင်မြင်ယူဆနိုင်သော်လည်း အာဆီယံနိုင်ငံအချင်းချင်း ရိုးသားမှုကိုအခြေခံပြီး ကူညီရိုင်းပင်းလိုစိတ်နှင့် ချဉ်းကပ်လာမှုမျိုးမဟုတ်ဘဲ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (Treaty on Amity and Cooperation in South East Asia–TAC)ပါ အခြေခံ မူများဖြစ်သည့် **"နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားရမည်၊ နိုင်ငံတိုင်းသည် ပြင်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုလုပ်မှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများ ကင်းရှင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်နိုင်ခွင့်ရှိရမည်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ"**ဆိုသည့် အချက်များနှင့် ကိုက်ညီမှုမရှိဘဲ အာဆီယံ၏အခြေခံမူများနှင့် သွေဖည်နေသည်ကို တွေ့ရပါကြောင်း။

သုံးသပ်တင်ပြရလျှင် ယခုအချိန်အခါသည် မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းထားသည့် ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်ပြီး အာဆီယံထုတ်ပြန်ချက်ငါးရပ်သည် နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံသည် အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်ရာတွင် အနောက်နိုင်ငံအချို့၏ ဖိအားပေးလမ်းညွှန်မှုများအတိုင်း ဆောင်ရွက်နေရခြင်းဖြစ်ပြီး အာဆီယံ၏ အချက်အချာကျမှု (ASEAN Centrality) အားနည်းသွားကာ အာဆီယံပဋိညာဉ်စာတမ်းကို လိုသလိုပုံဖော်အသုံးချနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားရန် လိုအပ်ပါကြောင်း။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောစေရေးတို့ကို တိုးတက်စေရေး သန္နိဋ္ဌာန်ချမှတ်ပြီး အာဆီယံပဋိညာဉ်စာတမ်းပါ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာကြရန်၊ စုပေါင်းတာဝန်ယူကြရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ပြဋ္ဌာန်းထားသော်လည်း အာဆီယံနိုင်ငံအချို့က မြန်မာအစိုးရကို အသိအမှတ်မပြုလိုသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် အာဆီယံအစည်းအဝေးများတွင်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အကြီးအကဲများကို ဖိတ်ကြားခြင်းမရှိဘဲ တက်ရောက်ခွင့်ပိတ်ပင်ထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတစ်ခုဖြစ်သည့် အခန်း(၁)၊ အပိုဒ်(၂)ပါ အပိုဒ်ခွဲ (၂–စ) **"ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏အခွင့်အရေးကို လေးစားခြင်း"** ဆိုသည့်အချက်နှင့် အာဆီယံပဋိညာဉ်စာတမ်း အခန်း(၃)၊ အပိုဒ်(၅)ပါ **အခွင့်အရေးနှင့် တာဝန်များနှင့်ပတ်သက်၍ "အဖွဲ့ဝင်နိုင်ငံများသည် ဤပဋိညာဉ်စာတမ်းအရ တူညီသည့်အခွင့်အရေးနှင့် တာဝန်များရှိရပါမည်"** ဆိုသည့်အချက်များကို ချိုးဖောက်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်း၊ တန်းတူရည်တူ အခွင့်အရေးမပေးခြင်းစသည့် ပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသည့် လုပ်ဆောင်နေမှုများကို တွေ့ရှိရပါကြောင်း။

ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရကာလကလည်း အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဖိအားပေးတောင်းဆိုမှုများရှိခဲ့ပါကြောင်း၊ ထိုအချိန်ကာလ၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို သက်ဆိုင်ရာနိုင်ငံ၏ သဘောဆန္ဒမပါဝင်ဘဲ ဆုံးဖြတ်ခွင့်၊ စွက်ဖက်ခွင့် အာဆီယံ၌မရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကိုလည်း တွေ့မြင်ရပါကြောင်း။

အာဆီယံက တစ်ဖက်သတ်ထုတ်ပြန်ထားသည့် အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ အချုပ်အခြာအာဏာနှင့် လက်တွေ့ မြေပြင်၏ပကတိအခြေအနေများကို အလေးထားစဉ်းစားဆောင်ရွက်ရန်နှင့် အာဆီယံနှင့်ဆက်ဆံရာတွင်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ပြင် လူသားချင်းစာနာမှုအကူအညီများ၊ ယုံကြည်မှုတည်ဆောက်ရေးဆောင်ရွက်မှုများနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့် နည်းလမ်းများဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပင်လောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းရီရီဝင်းက အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် ရည်ရွယ်ချက်(၁၅)ချက်နှင့် အဖွဲ့ဝင် နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် အခြေခံမူ(၁၄)ချက်တို့ကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာကြရမည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောရေးတို့အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး စုပေါင်းတာဝန်ယူကြရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဆိုသည့် အခြေခံမူကို တွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို ပြန်လည်သုံးသပ်ကြည့်ပါက အာဆီယံနိုင်ငံ အချင်းချင်း ရိုးသားမှုကိုအခြေခံပြီး ကူညီရိုင်းပင်ချင်သောစိတ်၊ ပူးပေါင်းဆောင်ရွက်လိုသောစိတ်နှင့် ဆောင်ရွက်ရန် ချဉ်းကပ်လာသည့် ပုံစံမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးလာပြီး မိမိနိုင်ငံ၏ ပြည်တွင်းရေးကိုပါ ဝင်ရောက်စွက်ဖက်သည့် ထုတ်ပြန်ချက်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းထားသည့် အစိုးရတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အာဆီယံထုတ်ပြန်ချက်ငါးရပ်အပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်မည်ဆိုပါက မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် လက်တွေ့မြေပြင်အခြေအနေများကိုပါ အလေးထားထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးလှသည့်အပြင် နိုင်ငံတော်၏ ပကတိအခြေအနေဖြင့် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် အာဆီယံနှင့်ဆက်ဆံရာတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ပြင် လူသားချင်းစာနာမှုအကူအညီများ၊ ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်မှုများနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုလာနိုင်မည်ဟု ယုံကြည်မိပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က **လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုအားလက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့်** ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၆)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်သူ့လွှတ်တော်တွင် အမြဲတမ်းကော်မတီ(၄)ရပ် ဖွဲ့စည်းထားရှိပြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတွင် ရေးရာကော်မတီ(၂၂)ခု ဖွဲ့စည်းထားပါကြောင်း၊ ကော်မရှင်တစ်ခုလည်း ဖွဲ့စည်းရန်လျာထားပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများရှိ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာ ဖြစ်ပါကြောင်း၊ လွှတ်တော်၏တာဝန်များအနေဖြင့် အစိုးရတစ်ရပ်ဖြစ်တည်ရေးအတွက် နိုင်ငံအကြီးအကဲများနှင့် လွှတ်တော်အကြီးအမှူးများကို ရွေးချယ်တင်မြှောက်ပေးရပါကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများသည် လွန်စွာအရေးကြီးပါကြောင်း။

ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ယခင်က အစဉ်အလာများအတိုင်းသာ ဆောင်ရွက်ထားခြင်းဖြစ်ပြီး ယနေ့ နိုင်ငံတကာ လွှတ်တော်များနှင့် ပညာရှင်များ၏ သုံးသပ်ဆောင်ရွက်ချက်များအပေါ်လေ့လာ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်၊ ဖြည့်စွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ လက်ထက်တွင် လွှတ်တော်သည် ခေတ်စနစ်နှင့် လျော်ညီသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်တွင် မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း(၁၀၀) ကျော်ရှိပြီး ပြင်ဆင်၊ ဖြည့်စွက်စရာရှိသည်များ လေ့လာသုံးသပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောလျင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ ရည်မှန်းချက်တာဝန်များထဲတွင် ဥပဒေပြုရေးတာဝန်သည် အရေးကြီးပြီး အဓိကကျသည့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် မေးခွန်းများ၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူများ၏ဆန္ဒများကို လွှတ်တော်အသံအဖြစ် ဖော်ဆောင်ပေးရပါကြောင်း၊ ယခုဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့ မဲဆန္ဒနယ်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သည် နိုင်ငံအတွက်၊ ပြည်သူအတွက် လုပ်ဆောင်နိုင်လျှင် လုပ်ဆောင်နိုင်သလောက် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်သည့် နေရာတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီများအနေဖြင့် လွှတ်တော်အား အထောက်အကူပြုနိုင်သည့် ဒေါက်တိုင်များအဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များကို အသေးစိတ်လေ့လာသုံးသပ်ပြီး နိုင်ငံတကာ လွှတ်တော်များတွင် ဆောင်ရွက်နေသည့် စံချိန်စံညွှန်းများနှင့် အညီ ခေတ်နှင့်လျော်ညီအောင် တစ်ဆင့်ချင်း ပြန်လည်ပြဋ္ဌာန်းပေးသွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြသည့်နေရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့် စသည့်ပြဋ္ဌာန်းချက်များရှိသော်လည်း မိမိတို့အစိုးရအနေဖြင့် အကူးအပြောင်းကာလတစ်ခုကို ဖြတ်သန်းဆောင်ရွက်နေရခြင်းဖြစ်သဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် မေးခွန်းများ တင်သွင်းဆောင်ရွက်ကြသည့်နေရာတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က အသိအမှတ်ပြုသုံးစွဲလျက်ရှိသည့် တရားဝင်အသုံးအနှုန်းများဖြင့် သာသတိပြုရေးသားပြောဆိုဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတကာလွှတ်တော်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့များနှင့် ဆက်ဆံဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းကော်မတီများ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပူးပေါင်းကော်မတီများတွင်လည်း တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်နိုင်ရေး သုံးသပ်လေ့လာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သည် နိုင်ငံအတွက် အဓိပ္ပာယ်ရှိသော အထောက်အကူဖြစ်သော အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လတ်တလော နိုင်ငံတကာဆက်ဆံရေးအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ဖိတ်ကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဖိုရမ်တက်ရောက်ရန် သွားရောက်ခဲ့ပြီး လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ အကြိုညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ နိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များကိုပါ လေ့လာသုံးသပ်ပြီး ထက်မြက်သော လွှတ်တော်၊ နိုင်ငံနှင့် ပြည်သူကို အကျိုးပြုသော လွှတ်တော်တစ်ရပ်အဖြစ် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးဘာသာ သာသနာတိုးတက်ရေးအတွက် ထူးခြားကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များ၏ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များ၊ နေရေးထိုင်ရေးကိစ္စရပ်များကို တတ်နိုင်သမျှ လိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးအတွက်လည်း သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း၊ ကော်မတီများ၏ ဆောင်ရွက်ချက်အားလုံးသည် လွှတ်တော်အတွက် အထောက်အပံ့ဖြစ်စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ကော်မတီဖွဲ့စည်းထားရှိမှုနှင့် ကော်မတီများအလိုက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေး ကျင်းပပုံများကို လာရောက်လေ့လာသည့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှ လေ့လာရေးအဖွဲ့အား ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဖွဲ့စည်းပုံနှင့် ဥပဒေပြုခြင်းလုပ်ငန်းစဉ်ကိစ္စရပ်များ၊ ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များကို ပြောကြားပြီး မြန်မာသင်္ဘောသားများ၏ အခြေအနေအခက်အခဲရှိပါက ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို မေးမြန်းရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အဖွဲ့အနေဖြင့် သင်္ဘောသားများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်္ဘောသားများနှင့် အလုပ်ရှင်များအကြား အငြင်းပွားမှုကိစ္စရပ်များ၊ သင်္ဘောသားများ၏ အခွင့်အရေးအကာအကွယ်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သင်္ဘောသားများနှင့် ပတ်သက်၍ ဥပဒေအရ အကာအကွယ်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၂၆**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ၊ မဲပေးစက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲပေးစက်များအား စနစ်တကျထားသိုသိမ်းဆည်းထားကြရန်၊ စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန်၊ ယခုသင်တန်းတွင် မဲပေးစက်များနှင့်စပ်လျဉ်းပြီး စစ်ဆေး၊ ပြင်ဆင်၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထားပြီး စာတွေ့လက်တွေ့ အားသွန်ခွန်စိုက် လေ့ကျင့်သင်ကြားပေးခဲ့ကြသည့် မဲပေးစက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်တော်တို့က အာဆီယံနိုင်ငံအတွင်းမှာရော၊ နိုင်ငံတကာအတွင်းမှာရော တန်းတူရည်တူဆက်ဆံမှုနဲ့ မိမိရဲ့အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာအတိုင်း ရပ်တည်သွားဖို့လိုတယ်။ ဒါကို မသိကျိုးကျွန်ပြုပြီးတော့မှ ခေါင်းစဉ်မျိုးစုံပြပြီး ကျွန်တော်တို့နိုင်ငံကို ဆက်ဆံတဲ့ပုံစံ မမှန်တာတွေကိုတော့ ကျွန်တော်တို့က လက်ခံလို့မရဘူး

**ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်က "အာဆီယံ ထုတ်ပြန်ချက် ငါးရပ် (ASEAN Five-Point Statement) သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ခြင်း မပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း" အဆိုကို လွှတ်တော်သို့တင်သွင်းခဲ့ပြီး ယင်းအဆိုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့သည် -



ဒေါက်တာနန္ဒာလှမြင့်

"ဒီကနေ့အချိန်အခါမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကနေ တစ်ဆင့်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်ပါတယ်။ ပေါ်ထွက်လာပြီဖြစ်တဲ့ ပြည်သူ့အစိုးရကို လက်ရှိအာဆီယံရဲ့ အစည်းအဝေးတွေမှာ နိုင်ငံအကြီးအကဲနဲ့ နိုင်ငံခြားရေးဝန်ကြီး အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ဖိတ်ကြားခြင်း မပြုတာမျိုးတွေ တွေ့ရပါတယ်။

"ဒါကြောင့် အာဆီယံက ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေဟာ လက်ရှိအခင်းအကျင်းနဲ့ ကိုက်ညီမှုမရှိတော့သလို အာဆီယံပဋိညာဉ်ပါ အဓိက အခြေခံမူတွေနဲ့လည်း မညီညွတ်တာကို တွေ့ရပါတယ်။ အဓိကအချက်ကတော့ အာဆီယံပဋိညာဉ်မှာက တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိုတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရဘူး။ တန်းတူရည်တူရှိရမယ်။ ဒီလိုသဘောတူညီချက်တွေ ရှိပါတယ်။ နိုင်ငံအားလုံး သဘောတူပြီးမှ တန်းတူ ရည်တူ ဆက်ဆံရမယ်။ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ဘူးဆိုတဲ့ မူတွေရှိတယ်။ ဒီကနေ့ အာဆီယံရဲ့ ထုတ်ပြန်ကြေညာချက်နဲ့ ဆောင်ရွက်ချက်တွေဟာ ဒီမူတွေကို ကျော်လွန်နေတယ်၊ ပဋိညာဉ်ကို ချိုးဖောက်နေသလိုဖြစ်နေတယ်။ လက်ခံလို့ မသင့်ဘူး။

"အာဏာပိုင်နိုင်ငံအနေနဲ့ ပြည်သူ့အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံရဲ့ ဂုဏ်သိက္ခာအရ လက်ခံဖို့မသင့်ဘူး။ ဒါကြောင့် ဒါကို ပြန်လည်သုံးသပ် စဉ်းစားဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တင်သွင်းတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း အဖွဲ့အစည်းတွေရှိပါတယ်။ နိုင်ငံတကာ ပါလီမန်အဖွဲ့အစည်းတွေရှိတယ်။ နိုင်ငံတွေပေါင်းစပ်ထားတဲ့အာဆီယံမှာလည်း ပါလီမန်အဖွဲ့အစည်းတွေရှိတယ်။ နိုင်ငံတကာမှာလည်းရှိတယ်။ ဒီအဖွဲ့အစည်းတွေနဲ့ ဆက်စပ်ဆောင်ရွက်ဖို့ဆိုတာလည်း ကျွန်တော်တို့ ပြည်တွင်းမှာလည်း Myanmar Parliamentary Union လိုမျိုးက လိုအပ်တယ်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ၊ ပြည်ထောင်စုအဆင့် လွှတ်တော်ကြီးတွေရဲ့အဖွဲ့တွေ၊ အစုအဖွဲ့တွေမှာ နိုင်ငံတကာနဲ့ ဆက်ဆံဖို့၊ နောက်တစ်ခါ မူဝါဒပိုင်းဆိုင်ရာတွေ ချိန်ညှိဖို့၊ ဒါတွေက အကျိုးအများကြီးရှိပါတယ်။ ဒါက တိုင်းပြည်အတွက်ရော လွှတ်တော်တွေအတွက်ရော၊ နောက်ပြီးလွှတ်တော်ရဲ့ အရည်အသွေး မြှင့်တင်ရေးပိုင်းဆိုင်ရာတွေ၊ နိုင်ငံတကာနဲ့ ဆက်ဆံဆောင်ရွက်တဲ့ နေရာတွေမှာ အများကြီးထိရောက်ပါတယ်၊ အများကြီး အကျိုးရှိပါတယ်။

"ဒါက ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်တာဖြစ်တဲ့အတွက် နိုင်ငံသား တစ်ယောက်အနေနဲ့ရော၊ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ရော ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက် ဆောင်ရွက်တယ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နဲ့အညီ ရွေးချယ်တင်မြှောက်ထားတဲ့ ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ထွက်လာပြီ။ ကျွန်တော်တို့က အာဆီယံနိုင်ငံအတွင်းမှာရော၊ နိုင်ငံတကာအတွင်းမှာရော တန်းတူရည်တူဆက်ဆံမှုနဲ့ မိမိရဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာအတိုင်း ရပ်တည်သွားဖို့လိုတယ်။ ဒါကို မသိကျိုးကျွန်ပြုပြီးတော့မှ ခေါင်းစဉ်မျိုးစုံပြပြီး ကျွန်တော်တို့ နိုင်ငံကို ဆက်ဆံတဲ့ပုံစံ မမှန်တာတွေကိုတော့ ကျွန်တော်တို့က လက်ခံလို့ မရဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာအတွက် ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။"

**သတင်းအဖွဲ့**

## ဓာတ်အားပိတ်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ ဗို့အားကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် လှိုင်လင်ခရိုင်အတွင်းရှိ ၆၆ ကေဗွီ လှိုင်လင်-လဲချား-မိုင်းကိုင် ဓာတ်အားလိုင်းမှ ဓာတ်အားရယူထားသော ၆၆/၃၃ ကေဗွီ ဝမ်ကုန်း၊ လဲချား၊ မိုင်းကိုင် ဓာတ်အားခွဲရုံတို့ရှိ ဓာတ်အားလက်ခံစက်ပစ္စည်းများနှင့် ပါဝါထရန်စဖော်မာတို့ကြား ချိတ်ဆက်ထားသော ပစ္စည်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ စက်ပစ္စည်းများကို လိုအပ်သော ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဇွန် ၂၇ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း လှိုင်လင်မြို့နယ်၊ ပင်လုံမြို့နယ်နှင့် လဲချားမြို့နယ်တို့အတွင်း ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများအား ကြိုတင်အသိပေး အကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်နှင့် မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းကွန်ရက်အတွင်းရှိ ဆက်သွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် အဆင့်မြှင့်တင်လျက်ရှိပြီး ၂၃၀ ကေဗွီဓာတ်အားပို့လွှတ်ရေးတာဝါတိုင်အချို့၌ လက်ရှိတပ်ဆင်ထားသော မြေစိုက်ကြိုးများကို ဓာတ်အားလိုင်းဆက်သွယ်ရေး စနစ်သုံး ဖိုင်ဘာကြိုးများဖြင့် အစားထိုးလဲလှယ်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၃၀ ကေဗွီ ဝါးတရာ-လှိုင်သာယာ၊ အနောက်ပိုင်းတက္ကသိုလ် - ရွာမ နှင့် ရွာမ - လှိုင်သာယာ ဓာတ်အားလိုင်းများကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဓာတ်အားပို့လွှတ်နိုင်မှု လျော့နည်းသွားမည်ဖြစ်သဖြင့် ဓာတ်အားစနစ်တည်ငြိမ်စေရေးအတွက် ဝန်အားထိန်းညှိမှုများ ပြုလုပ်ရမည်ဖြစ်သောကြောင့် အချို့နေရာများတွင် ဓာတ်အား ယာယီပြတ်တောက်နိုင်မည့်အခြေအနေနှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အောင်လံမြို့တွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၅၅ အမ်ဗွီအေ အောင်လံပင်မဓာတ်အားခွဲရုံသစ်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းသွယ်တန်းခြင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောင်လံပင်မဓာတ်အားခွဲရုံသစ်ကို လက်ရှိ ၂၃၀ ကေဗွီ တောင်တွင်းကြီး - ရွှေတောင် မဟာဓာတ်အားလိုင်းကြီးနှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

ထိုသို့ချိတ်ဆက်ရာတွင် ဓာတ်အားလိုင်း လုံခြုံရေးနှင့် ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်စေရန် တောင်တွင်းကြီးဓာတ်အားခွဲရုံနှင့် ရွှေတောင်ဓာတ်အားပေးစက်ရုံတို့၌ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တောင်တွင်းကြီး ဓာတ်အားခွဲရုံမှ ရွှေတောင်ဓာတ်အားပေးစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်း နှစ်လိုင်းအနက် ဓာတ်အားလိုင်းတစ်လိုင်းကို ဇွန် ၂၇ ရက်နှင့် ဇူလိုင် ၄ ရက်တို့တွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဓာတ်အားပို့လွှတ်နိုင်မှု လျော့နည်းသွားမည်ဖြစ်ရာ ဓာတ်အားစနစ် တည်ငြိမ်စေရေးအတွက် လျှပ်စစ်သုံးစွဲမှုအများဆုံးအချိန်များတွင် ဝန်အားထိန်းညှိမှုများ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



## ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်ရတနာ(၂) ကိုယ်ပိုင်ကျောင်းရှိ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ရွှေယမုံကိုယ်ပိုင်ကျောင်းရှိ ကျောင်းသား ကျောင်းသူများကို လည်းကောင်း ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး အစီအစဉ်(ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေးခဲ့သည်။

ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများအနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွင်း နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့နှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များကို ဆက်လက် အသိပညာပေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွန်ဟိန်းမြို့နယ်၌ ပန်းချီပြိုင်ပွဲဆုချီးမြှင့်

**ကွန်ဟိန်း ဇွန် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇွန် ၂၄ ရက်နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု



တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ဦးစွာ ကွန်ဟိန်းမြို့နယ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ပန်းချီပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**




တောင်ကြီးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးစဉ်။

☆ ကျောဖုံးမှ

ယနေ့ကျရောက်သည့် (၃၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို နံနက် ၁၀ ခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းနှင့်ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ထီဖောင်းကျေးရွာအုပ်စု ကျောက်ကျင်းဟောင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)နှင့် NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





ရန်ကုန်မြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးစဉ်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၂ ကီလိုကျော်၊ ဘိန်းဖြူ ၂၃၃ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ် ၁၁၅၄၄ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၅၃ ကီလိုကျော်၊ ကက်တမင်း ၁၄၆၆ ကီလိုခန့်၊ ဆေးခြောက် ၈၅ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၄ မျိုးနှင့် ဓာတုပစ္စည်း ၆၉ မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၆၁၇ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၆၈ သန်းကျော်)အား မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ဒဂုံရောကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ရုရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ တရုတ်နိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ၊ UNODC နှင့် AFP တို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသော ဘိန်းဖြူ ၃၄၄ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား သန်း ၁၃၀ ကျော်၊ အိုက်စ် ကီလို ၂၈၁၄၀ ကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၅၁ ကီလိုကျော်၊ ဘိန်းစာမှုန့် ၂၆၃ ကီလိုကျော်၊ ကက်တမင်း ၇၁၁၈ ကီလိုခန့်၊ ဆေးခြောက် ၉၅၄ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၃ မျိုးနှင့် ဓာတုပစ္စည်း ရှစ်မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၁၁၇၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၃၂၁ သန်းကျော်)ကို မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။

အလားတူ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ နံနက် ၈ နာရီတွင် ပြုလုပ်ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရဲအရာရှိကြီးများ၊ မန္တလေးမြို့ အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မီးရှို့ဖျက်ဆီးပွဲတွင် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့်အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၅၉၃ ကီလိုခန့်၊ ဘိန်းဖြူ ၁၆၇၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ သန်းကျော်၊ အိုက်စ် ၂၃ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၅၃ ကီလိုကျော်၊ ကက်တမင်း ၂၆ ကီလိုကျော်၊ ဆေးခြောက် ၁၀၆ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးအမျိုး ၂၀ နှင့် ဓာတုပစ္စည်းခုနစ်မျိုး စုစုပေါင်း တန်ဖိုး မြန်မာငွေကျပ် ၄၁၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၁၃ သန်းကျော်)ကို မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်(တောင်) လေယာဉ်ကွင်းအဟောင်းတို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားခြင်း၊ စာပေ၊ ဂီတပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားများကို တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် ကျင်းပခဲ့ရာ ဘိန်း ၁၀၆၆ ကီလိုခန့်၊ ဘိန်းဖြူ ၂၂၄၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၁ သန်းကျော်၊ အိုက်စ် ၃၉၇၀၈ ကီလိုခန့်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၅၈ ကီလိုကျော်၊ ဘိန်းစာမှုန့် ၂၆၄ ကီလိုခန့်၊ ဆေးခြောက် ၁၁၄၈ ကီလိုခန့်နှင့် ကက်တမင်း ၈၆၁၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အမျိုးပေါင်း ၁၁၀ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၂၁၀ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၆၀၃ သန်းကျော်)တို့ကို ဖျက်ဆီးခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အများအပြားဖမ်းဆီးရမိကာ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၆ ခုနှစ် မေ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ငွေကျပ် ဘီလီယံ ၂၂၁၀ ခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**




မန္တလေးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးစဉ်။

# World MSME Day အထိမ်းအမှတ် ထူးချွန် MSME စာရင်း ထုတ်ပြန်ကြေညာခြင်း

| စဉ် | | MSME လုပ်ငန်းအမည် | လုပ်ငန်း အရွယ်အစား | ထုတ်လုပ်သည့်ကုန်ပစ္စည်း/ ဝန်ဆောင်မှုလုပ်ငန်း | ရရှိခဲ့သည့် ဆုအမျိုးအစားနှင့်ရရှိခဲ့သည့်ခုနှစ် | ဒေသအဆင့်/ပြည်ထောင်စုအဆင့်/ အာဆီယံအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| က | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | | | | | | |
| | ၁ | အိမ်ရှင်မဆီစက် သားတင်ဦး အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း | အလတ်စား | မြေပဲဆီ/နေကြာဆီ | ၁။ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည် (တတိယဆု)(၂၀၂၅)<br>၂။ ASEAN Business Award (2025) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ အာဆီယံ | |
| | ၂ | နေမင်းထွန်းခြွေလှေ့စက် | အသေးစား | ခြွေလှေ့စက်အမျိုးမျိုး၊ ပဲခွဲစက်အမျိုးမျိုး | ပထမဆု၊ လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃ | Na Rain Dara Co;Ltd | အသေးစား | မှျစ်ခြောက် | ၁။ အကောင်းဆုံးဆု (OROP) (၂၀၂၅)<br>၂။ပထမ၊ တိုးတက်မှုအကောင်းဆုံးဆု(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၄ | Royal Shin Ye Htut (RSYH) ဝါးဆိုလာသုံးဘီးလုပ်ငန်း | အသေးစား | ဝါးဆိုလာ သုံးဘီး | ပထမဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅ | လင်းစိန် အထွေထွေစီးပွားရေးလုပ်ငန်း | အလတ်စား | မြေပဲဆီ/နေကြာဆီ | တတိယဆု၊သွင်းကုန်အစားထိုးထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆ | ဟိန်းရွှေရောင်ကုမ္ပဏီလီမိတက် | အသေးစား | ခနိုရည်၊ ခနိုဝိုင်၊ ရှူဆေး၊ လိမ်းဆေးအမျိုးမျိုး | ASEAN Inclusive Business Award 2025 | အာဆီယံ | |
| ခ | ကချင်ပြည်နယ် | | | | | | |
| | ၇ | "ရွှေအုပ်ဆောင်း" ပယင်းကျန်းမာရေးထုတ်ကုန်လုပ်ငန်း | အသေးစား | ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ | ၁။ ပထမဆု(၂၀၂၃)<br>၂။ပထမဆု(လူသုံးကုန်နှင့်အဝတ်အထည်ဆု) (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၈ | "SAN"သဘာဝ ကညွတ်ဆပ်ပြာနှင့်သဘာဝ တရော်ကင်ပွန်း ခေါင်းလျှော်ရည်လုပ်ငန်း | အသေးစား | စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်များ | ၁။ ဒုတိယဆု(၂၀၂၃)<br>၂။ဒုတိယဆု၊ စိုက်ပျိုးရေးထုတ်ကုန်အကောင်းဆုံးဆု (၂၀၂၅)<br>၃။တတိယဆု၊ လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၉ | "ဖြိုးဝေဝေ" စက္ကူထုတ်လုပ်ရေးလုပ်ငန်း | အလတ်စား | စက္ကူနှင့် Tissue နှင့် ရုံးသုံး၊ ကျောင်းသုံးဗလာစာအုပ် | တတိယဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၀ | "ငွေလာဘ်မင်းနှင့်ပွဲတိုင်းကျော်" ရေထွက်စားသောက်ကုန်နှင့် မန်ကျည်းဖျော်ရည်လုပ်ငန်း | အသေးစား | သဘာဝသစ်သီးဖျော်ရည် | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၁ | "ဘွမ်ဘရိုင်" တိုင်းရင်းဆေးလုပ်ငန်း | အသေးစား | တိုင်းရင်းဆေးဝါး | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၂ | "မနောမြန်မာ" ရက်ကန်းလုပ်ငန်း | အသေးစား | ကချင်ရိုးရာအထည် | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၃ | "ကဆန်ထိ" စားသောက်ကုန်လုပ်ငန်း | အသေးစား | သစ်ကြားသီး၊ ကျောက်ဆောင်၊ ပျားရည်၊ တောင်ယာနနွင်း | ၁။ အကောင်းဆုံးဆု (OROP) (၂၀၂၅)<br>၂။ဒုတိယဆု(စားသောက်ကုန်ဆု)(၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၄ | "JCD" ပူတာအိုဒေသထွက်ထုတ်ကုန်လုပ်ငန်း | အသေးစား | ရှီးပတီးဆေးစိမ်၊ ရှီးပတီးပျားရည်စိမ် | ၁။ အထူးဆု၊ အငယ်စားထုတ်ကုန်ကဏ္ဍ(၂၀၂၅)<br>၂။ တတိယဆု ၊ စိုက်ပျိုးရေးထုတ်ကုန် အကောင်းဆုံးဆု(၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၅ | "အိလေး" စားသောက်ကုန်လုပ်ငန်း | အသေးစား | ပဲငါးပိ၊ ခေါက်ဆွဲအနှစ်၊ ဆီတို့ဟူး၊ ငရုတ်ချဉ်၊ မုန်ညင်းချဉ်၊ ဆန်ခေါက်ဆွဲ | ၁။ ပထမဆု (စိုက်ပျိုးရေး ထုတ်ကုန်အကောင်းဆုံးဆု) (၂၀၂၅)<br>၂။ အထူးဆု (အသေးစား ထုတ်ကုန်ကဏ္ဍ)(၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၆ | "TOP" အသင့်စားအသားခြောက် စားသောက်ကုန်လုပ်ငန်း၊ | အလတ်စား | အသင့်စားအသားခြောက်မျိုးစုံ၊ ဝိုင်မျိုးစုံ၊ နှစ်တစ်ရာဆေးစိမ်၊ ကချင်ရိုးရာ ဟင်းခတ်မှုန့် | ၁။ ပထမဆု၊မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅)<br>၂။ ပထမဆု၊ စားသောက်ကုန် (၂၀၂၅)<br>၃။ ဒုတိယဆု၊ တန်ဖိုးမြင့် ထုတ်ကုန်နှင့် ထုပ်ပိုးမှုကဏ္ဍ ( ၂၀၂၆) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၇ | "ဝဒူဆိုင်းပန်" စားသောက်ကုန်လုပ်ငန်း | အသေးစား | အသင့်စားအသားခြောက်မျိုးစုံ | ၁။ ဒုတိယဆု၊ မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅)<br>၂။ ဒုတိယဆု ၊ စားသောက်ကုန် (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၁၈ | "မလိဇွပ်" စားသောက်ကုန်လုပ်ငန်း | အလတ်စား | နို့မှုန့် | တတိယဆု၊ မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၉ | "လပ်ကီး" မုန့်တိုက် | အလတ်စား | မုန့်နှင့်ကွတ်ကီးမျိုးစုံ | ပထမဆု၊ စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၀ | "ရွှေနှင်းဆီ" ဆားမုန့်လုပ်ငန်း | အသေးစား | ဆားမုန့် | တတိယဆု၊ စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၁ | "ဂျိမ်းဖောသူ" ရက်ကန်းလုပ်ငန်း | အလတ်စား | ကချင်ရိုးရာအဝတ်အထည် | ဒုတိယဆု၊ လူသုံးကုန်နှင့်အဝတ်အထည် (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၂ | "ကြိုင်ခူး" ကချင်ရိုးရာအထည်ဆိုင် | အသေးစား | ကချင်ရိုးရာအဝတ်အထည် | တတိယဆု၊ လူသုံးကုန်နှင့်အဝတ်အထည် (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၃ | "မြောက်ကျွန်းရတနာ" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ပယင်းကျန်းမာရေးထုတ်ကုန် | ၁။ ပထမဆု၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ ဒုတိယဆု၊ လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၄ | "Lynnshan Yang" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ကျောက်စိမ်းထုတ်ကုန်များ | ၁။ဒုတိယဆု၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ အထူးဆု၊လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၅ | "ပယင်းနတ်သမီး" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ကျောက်စိမ်း ထုတ်ကုန်များ | ၁။တတိယဆု၊ပယင်း၊ကျောက်မျက်နှင့်ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ အထူးဆု၊ လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၆ | "99" စားသောက်ကုန်လုပ်ငန်း | အသေးစား | နို့မှုန့် | တတိယဆု၊ စားသောက်ကုန်(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၇ | "စူပါဝမ်း" နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း | အလတ်စား | နို့ နှင့် နို့ထွက်ပစ္စည်း | အထူးဆု၊ စားသောက်ကုန်(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၈ | "Healthy" ပဲနို့ လုပ်ငန်း | အသေးစား | ပဲနို့ | အထူးဆု၊စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၉ | "Grace" လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်း | အသေးစား | ပယင်းသနပ်ခါး၊ ပယင်းရှူဆေး၊ လိမ်းဆေး၊ ပယင်းဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ကျောက်ချဉ် Roll on၊ ဖျော်ရည်မျိုးစုံ | ပထမဆု၊လူသုံးကုန်၊ပယင်းနှင့်ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၀ | "လင်းရတနာ" ကျောက်မျက်လုပ်ငန်း | အသေးစား | ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ | အထူးဆု၊ လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဂ | ကယားပြည်နယ် | | | | | | |
| | ၃၁ | Treasure Corn Company Limited | အသေးစား | အစေ့ထုတ်ပြောင်း | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဃ | ကရင်ပြည်နယ် | | | | | | |
| | ၃၂ | အောင်ဆန်းငွေလာဆန်စက်လုပ်ငန်း | အငယ်စား | ဆန် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၃ | "Hturu "သဘာဝဆိုးဆေးချည်ထည်လုပ်ငန်း | အငယ်စား | အထည် | အထူးဆု ၊အငယ်စားစီးပွားရေးလုပ်ငန်း (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| င | ချင်းပြည်နယ် | | | | | | |
| | ၃၄ | ချင်းရိုးရာ ရက်ကန်းလုပ်ငန်း | အသေးစား | ရိုးရာအထည် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| စ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၃၅ | Mylike | အလတ်စား | လူသုံးကုန် | အထူးဆု၊လူသုံးကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၆ | သံစဉ်နေလ | အလတ်စား | စားသောက်ကုန် | ပထမဆု၊စားသောက်ကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၇ | ထွန်းထွန်းငွေထည်ကြေးထည် | အလတ်စား | လူသုံးကုန် | အထူးဆု၊လူသုံးကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၈ | ပွဲတော်အုပ် | အလတ်စား | စားသောက်ကုန် | ပထမဆု၊ စားသောက်ကုန် (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၃၉ | "မလိငပိ" စားသောက်ကုန်လုပ်ငန်း | အသေးစား | ငါးပိ | ထုတ်ကုန်အကောင်းဆုံးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |

စာမျက်နှာ ၁၄ သို့

❂ စာမျက်နှာ ၁၃ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ၅၀ | "မြန်မာအတ္တလန်တစ်ကုမ္ပဏီ" | အလတ်စား | ပုလဲ | တတိယဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၁ | "ပြည့်ဖြိုးထွန်း"အင်တာနေရှင်နယ်<br>ကုမ္ပဏီလီမိတက် | အလတ်စား | ရေထွက်ကုန် | OROP ထုတ်ကုန်ဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၅၂ | ပန်းကမ္ဘာမြန်မာ့လက်မှုအနုပညာလုပ်ငန်း | အသေးစား | ပန်းပုထုတ်ကုန်အမျိုးမျိုး | လက်မှုထုတ်ကုန်စံပြဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၃ | Agro Future Myanmar | အလတ်စား | ၆ တန်းသွားလက်ဆွဲကောက်စိုက်စက်၊ ၈ တန်းသွား လူစီးစက်ဆွဲကောက်စိုက်စက်၊ ဘက်စုံသုံးအစေ့ချစက်၊ ဆေးဖျန်းစက် | ၁။ ပထမဆု (၂၀၂၅)<br>၂။ အထူးဆု (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၄ | A-1 စက်မှုလက်မှုလုပ်ငန်း | အသေးစား | ခြွေလှေ့စက် | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၅ | ရိုးရာမောင်ချည်ထည်လုပ်ငန်း | အလတ်စား | အင်းမကြူမဟာ ပုဆိုး၊ ရွှေတောင်စည်းပွင့်ရိုးရာလုံခြည်၊ မြန်မာ့ရိုးရာလက်ထည်၊ ပဝါ၊ ခြုံတဘက် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၆ | "ကိုငယ်လေး"စပါးအခြောက်ခံစက်လုပ်ငန်း | အသေးစား | စပါးအခြောက်ခံစက် | ဒုတိယဆု (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၇ | တံခွန်စက်မှုလက်မှုလုပ်ငန်း | အလတ်စား | ကန့်လန့်ဂျီတင်+ စပါး/ပဲအမျိုးမျိုး၊ မြေပဲနှင့် နေကြာခြွေလှေ့ သန့်စင်စက် / ပြောင်းခြွေလှေ့ သန့်စင်စက် | တတိယဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၈ | ရဲထွန်းစက်မှုလက်မှုလုပ်ငန်း | အသေးစား | စပါးအခြောက်ခံစက် | အထူးဆု (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅၉ | ရတနာစက်မှုလက်မှုလုပ်ငန်း | အလတ်စား | မြေပဲ၊ စပါးနှင့်<br>ပဲအမျိုးမျိုး ခြွေလှေ့စက် | ၁။အထူးဆု(၂၀၂၅)<br>၂။ ဒုတိယဆု၊ သွင်းကုန်အစားထိုးထုတ်ကုန်ဆု (၂၀၂၆) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၀ | ပြည်ငြိမ်းချမ်းအောင်<br>အထွေထွေစက်မှုလုပ်ငန်း | အသေးစား | (၇)ဗန်း ၊(၁၈)ဗန်း၊ (၂၀)ဗန်း ထွန်ဘောင်များနှင့် ဆက်စပ်ပစ္စည်းများ၊ သံစိမ်းဘောင်၊ ထွန်ရုပ်၊ ထွန်လင်ဗန်း၊ အိုးစည် | အထူးဆု (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၆၁ | "Jumjel" သဘာဝဇီးနှင့် မန်ကျည်းဖျော်ရည်လုပ်ငန်း၊ | အလတ်စား | ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၂ | Good & Right စပျစ်ဝိုင်၊ဖန်ခါးဝိုင် | အသေးစား | ဖန်ခါးဝိုင် | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၃ | "ခါတော်ဦး" လက်ဖက်နှင့် ပဲကြော်လုပ်ငန်း | အသေးစား | လက်ဖက်နှင့် ပဲကြော် | စံပြ ထုတ်ကုန်ဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်း (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၄ | ပြည့်လျှံ ကြံမြုပ်ချေးသဘာဝမြေဩဇာ | အငယ်စား | သဘာဝမြေဩဇာ | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၅ | "စုပါမင်း" ဆီစက်လုပ်ငန်း | အလတ်စား | မြေပဲဆီ၊ နှမ်းဆီ | အကောင်းဆုံးအထူးဆု၊ OROP (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၆ | အောင်ကောင်းမြတ် | သမဝါယမ<br>အသင်း | သဘာဝနှမ်းရိုးမြေဩဇာ | အထူးဆု၊ ကုန်ထုတ်သမစွမ်းဆောင်ရည် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆၇ | OK-1 ဖျော်ရည်လုပ်ငန်း | အငယ်စား | မန်ကျည်းဖျော်ရည်၊ ဆီးဖြူသီးဖျော်ရည်၊ ဆားငန်သီးဖျော်ရည်၊ ချင်းဆီးဆန်ဖျော်ရည် | တတိယ၊ တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုအကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့်ပြိုင်ပွဲ | |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၆၈ | "ရွှေဆိတ်" စားသောက်ကုန်၊ | အလတ်စား | ဖျော်ရည်မျိုးစုံ | ၁။ The Most Investable Business Award In Women Entrepreneurship Program (၂၀၂၃)<br>၂။ Popularity Award,The 22nd China-ASEAN EXPO (၂၀၂၅) | ၁။ ဒေသအဆင့်<br>၂။ Nanning, China | |
| | ၆၉ | UMG မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်း | အသေးစား | လေစစ်/ဆီစစ်ဘူးမျိုးစုံ | တတိယဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၀ | "စပါးနှံ" တာယာစက်ရုံ | အလတ်စား | တာယာမျိုးစုံ | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၁ | "မေမြို့ဖရက်(ရှ်)" ကော်ဖီလုပ်ငန်း | အသေးစား | အသင့်သောက်ကော်ဖီနှင့်<br>ကော်ဖီမှုန့် | ပထမဆု(OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နှင့် ပြိုင်ပွဲ | |
| | ၇၂ | "အင်ကြင်းချယ်" ရက်ကန်းလုပ်ငန်း | အသေးစား | ရက်ကန်း | စံပြအထူးဆု(ရက်ကန်း) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၃ | ENE သဘာဝခေါင်းလျှော်ရည်လုပ်ငန်း | အသေးစား | ဆံပင်ပေါင်းဆေး၊<br>ခေါင်းလျှော်ရည် | စံပြအထူးဆု(လူသုံးကုန်)(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၄ | Because Coffee | အသေးစား | အသင့်သောက်ကော်ဖီ | ၁။ စံပြအထူးဆု(စားသောက်ကုန်) (၂၀၂၅)<br>၂။ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု (ဒုတိယဆု) (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၅ | "ရွှေသီဟ"စက်မှုကုန်ထုတ်သမဝါယမအသင်း | အလတ်စား | လယ်ယာသုံးပစ္စည်း | ကုန်ထုတ်သမဝါယမစွမ်းဆောင်ရည်ဆု (အထူးဆု) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၆ | "အနော်ရထာ"ဆီစက်လုပ်ငန်း၊ | အလတ်စား | မြေပဲဆီသန့် | ကုန်ထုတ်သမဝါယမ စွမ်းဆောင်ရည်ဆု(ပထမဆု) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၇၇ | "ဦးဘငြိမ်း"ယွန်းထည်လုပ်ငန်း | အသေးစား | ယွန်းထည် | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်ထုတ်ကုန်ဆု(ပထမဆု)<br>(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ၁၁ | မွန်ပြည်နယ် | | | | | | |
| | ၇၈ | ထူး စက်မှုလက်မှုလုပ်ငန်း | အသေးစား | စက်အရန်ပစ္စည်းနှင့်<br>လယ်ယာသုံးပစ္စည်းများ | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၇၉ | ပဒုမ္မာဆပ်ပြာစက်ရုံ | အလတ်စား | ဆပ်ပြာခဲ/အမှုန့်/တုံး | အထူးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၈၀ | နှ ရော်ဘာပြားကြိတ် လုပ်ငန်း | အသေးစား | မိုင်းခံရော်ဘာ | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၈၁ | ရွှေဇီဝ သဘာဝမြေဩဇာ | အလတ်စား | သဘာဝမြေဩဇာ | ပထမဆု၊ သွင်းကုန်အစားထိုးထုတ်ကုန်(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| ၁၂ | ရခိုင်ပြည်နယ် | | | | | | |
| | ၈၂ | "ရွှေကျား" ရိုးရာရက္ကန်းလုပ်ငန်း | အသေးစား | ရခိုင်ရိုးရာအထည် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၈၃ | MG Myanmar Gasket အမျိုးမျိုး<br>ထုတ်လုပ်ခြင်းလုပ်ငန်း | အသေးစား | MG Myanmar Gasketအမျိုးမျိုး | ၁။ ဒုတိယဆု (၂၀၂၅)<br>၂။ ပထမဆု (အငယ်စား) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၈၄ | ရွှေတောင်ညိုကြီး ကုမ္ပဏီ | အသေးစား | သဘာဝလွှတ်ကျောင်း ကြက်ဥ၊ သဘာဝတိရစ္ဆာန်အစာ၊ Organic အသီးအနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး | ASEAN Inclusive Business Award (2021) | အာဆီယံ | |
| | ၈၅ | သလ္လာဝတီ ကုမ္ပဏီလီမိတက် | အလတ်စား | MYU Palm Wine မြူထန်းရည်ဝိုင် | ၁။ Third Prize (CHINA – ASEAN Innovation and Entrepreneurship) (2022)<br>၂။ 2nd Runner Up (ASEAN – INDIA Grassroot Innovation Forum ) (2022)<br>၃။ ပထမဆု၊ အလတ်စား (၂၀၂၅)<br>၄။ ဒုတိယဆု (အလတ်စား) (၂၀၂၅) | ၁။ အာဆီယံ<br>၂။ အာဆီယံ<br>၃။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၄။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၈၆ | ရွှေဇီးကွက် Food Manufacturing<br>& International Export Co.,Ltd | အလတ်စား | ချဉ်ပေါင်ဖူးဖျော်ရည် | ASEAN Inclusive Business Award (၂၀၂၃ ) | အာဆီယံ | |
| | ၈၇ | Light Craft Co.,Ltd | အသေးစား | ရိုးရာလက်မှု<br>အနုပညာထည် | ၁။ ASEAN Inclusive Business Award (၂၀၂၄ )<br>၂။ Regional Winner, Global Startup awards , Co-system Hero of the year – (၂၀၂၆) | ၁။ အာဆီယံ<br>၂။ အာဆီယံ | |
| | ၈၈ | Bright Light Co.,Ltd | အလတ်စား | ပဲတီစိမ်း | ၁။ ပထမဆု (OROP) (၂၀၂၅)<br>၂။ ပထမဆု (OROP) (၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |

စာမျက်နှာ ၁၅ သို့ ❂

✪ စာမျက်နှာ ၁၄ မှ

| | | | | | | |
|---|---|---|---|---|---|---|
| | ၇၉ | ဝိသာခါ အမွှေးတိုင်နှင့်လူသုံး ကုန်ပစ္စည်း အမျိုးမျိုးလုပ်ငန်း | အသေးစား | အမွှေးတိုင် | ၁။ တတိယဆု (၂၀၂၅)<br>၂။ ယခင်နှစ်ဆုရသူများမှ တိုးတက်မှု အကောင်းဆုံးဆု (၂၀၂၆)<br>၃။ တတိယဆု (အသေးစား) (၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၀ | ချမ်း လူသုံးကုန်လုပ်ငန်း | အလတ်စား | ယူကလစ်ရှူလိမ်းဆီ | ပထမဆု (လူသုံးကုန်စံပြထုတ်ကုန်ဆု)(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၁ | Golden Myanma Honey Co.,Ltd | အလတ်စား | ပျားရည် | ဒုတိယဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်ထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၂ | Viny Company Limited | – | SEEDER | တတိယဆု လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၃ | မြတ်ဆွမ်းအုပ်၊စားသောက်ကုန်လုပ်ငန်း | အသေးစား | ချင်းနက်ဆေးတောင့်နှင့် လိမ်းဆေး | ပထမဆု (အသေးစား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၄ | ထူးအံ့စားသောက်ကုန်လုပ်ငန်း | အသေးစား | ငရုတ်သီးအနှစ် | ဒုတိယဆု (အသေးစား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၅ | ဆရာဘိုင်အို (ရေဆိုးသန့်စင်ဆေးရည်၊ ခေါင်းလျှော်ရည်) | အငယ်စား | ခေါင်းလျှော်ရည် | ဒုတိယဆု (အငယ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၆ | သဲဖြူ လူသုံးကုန် ထုတ်လုပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် | အငယ်စား | ငှက်ပျောချည်ပဝါ | တတိယဆု (အငယ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၇ | Natural Clay သဘာဝမြေထည် ထုတ်လုပ်ရေးလုပ်ငန်း | အလတ်စား | အမိုးအုတ်၊ ကြမ်းခင်းအုတ် | ပထမဆု (အလတ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၈ | Myanmar Food Hub Manufacturing Co.,Ltd | အလတ်စား | အသင့်စား မုန့်ဟင်းခါး အနှစ်ထုပ် | တတိယဆု (အလတ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၉ | တော်ဝင်မွေးမြူရေးအစာကြိတ်လုပ်ငန်း | OROP | မွေးမြူရေးစပ်စာ | ဒုတိယဆု (OROP) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၉၀ | PMH (Precious Myanmar Heart Co.,Ltd) | OROP | Boss ဆန်အချောထည် | တတိယဆု (OROP) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| ဃ | ရှမ်းပြည်နယ် | | | | | |
| | ၉၁ | "ဆွေသစ်" အင်းလေး ရိုးရာ ချည်ထည်ရက်ကန်းလုပ်ငန်း | အသေးစား | ရိုးရာချည်ထည်မျိုးစုံ | အထူးဆု(အဝတ်အထည်ထုတ်လုပ်မှု) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၂ | " SHAN ORCHARD" Myanmar Ltd | အလတ်စား | ထောပတ်ဆီနှင့် ထောပတ် အလှကုန်များ | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၃ | " နောင်ခမ်း" ကော်ဖီလုပ်ငန်း | အငယ်စား | ကော်ဖီ | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၄ | " မယ်သီတာ" စားသောက်ကုန်လုပ်ငန်း | အသေးစား | ချီယာစေ့၊ ကော်ဖီနှင့် ဖျော်ရည် | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၅ | " အေးသာယာ" ဝိုင်လုပ်ငန်း | အလတ်စား | ဝိုင် | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၆ | " ဉာဏ်ကြီးရှင်" ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်း အောင်နေလင်းထွန်း ကုမ္ပဏီလီမိတက် | အလတ်စား | ကော်ဖီ | ASEAN Business Award(2021) | အာဆီယံ |
| | ၉၇ | " ခိုင်မေတ္တာ" ဆေးရုံ | အလတ်စား | ကျန်းမာရေးဝန်ဆောင်မှု | ၁။ စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၂၄)<br>၂။ အမျိုးသမီး စီးပွားရေးထူးချွန်ဆု (၂၀၂၃)<br>၃။ ပြည်နယ်အမျိုးသမီး စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာစွမ်းဆောင် ရှင်ဆု(၂၀၂၃)<br>၄။ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်ဆု (၂၀၂၄) | ၁။ ဒေသအဆင့်<br>၂။ အာဆီယံ<br>၃။ ဒေသအဆင့်<br>၄။ ပြည်ထောင်စု |
| ဏ | ဧရာဝတီတိုင်းဒေသကြီး | | | | | |
| | ၉၈ | နေမင်းဆားစက် | အငယ်စား | အိုင်အိုဒင်းဆား၊ Low Sodium Salt | ပထမဆု ၊ အာဆီယံ–ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၉၉ | Green Toddy ထန်းသကြား ထုတ်လုပ်ရေး | အငယ်စား | ထန်းသကြား၊ ထန်းလျက် | ဒုတိယဆု၊ အာဆီယံ–ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၁၀၀ | Mo Mo Ko သဘာဝ ခနိုဖူးခြောက် ထုတ်လုပ်ရေး | အငယ်စား | ခနိုဖူးခြောက် | တတိယဆု၊ အာဆီယံ–ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၁၀၁ | အဆွေတော်နှမ်းလုံး | အသေးစား | မုန့် အမျိုးမျိုး | အကောင်းဆုံးဆု၊ အသေးစား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၀၂ | ရွှေစံ ပုသိမ်ထီး | အငယ်စား | ပုသိမ်ထီးအမျိုးမျိုး | အကောင်းဆုံးဆု၊ အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၀၃ | ရွှေမြင်းပျံ ပုသိမ်ဟာလဝါ | အလတ်စား | ဟာလဝါ၊ မုန့်မျိုးစုံ | ၁။ အကောင်းဆုံးဆု၊ အလတ်စား (၂၀၂၅)<br>၂။ အကောင်းဆုံးဆု၊ အလတ်စား ပူးတွဲ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၄ | Global Earth Agro & Aqua Industry Public ငါးအသားလွှာ ကုန်ချောလုပ်ငန်း | OROP | ငါးအသားလွှာ၊ ငါးအသားလုံး အမျိုးမျိုး | ၁။ အကောင်းဆုံးဆု(OROP )(၂၀၂၅)<br>၂။အကောင်းဆုံးဆု(OROP )(၂၀၂၅)<br>၃။အကောင်းဆုံးဆု(OROP )(၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၅ | စစ်မှစစ် ငရုတ်ကောင်းမှုန့် | အသေးစား | ငရုတ်ကောင်းမှုန့် | အကောင်းဆုံးဆု၊ အသေးစား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၆ | ပို့ပို့ရွှေတောင်ခေါက်ဆွဲ | အငယ်စား | ခေါက်ဆွဲ | အကောင်းဆုံးဆု၊အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၇ | ရွှေမြင်း ဟာလဝါ | အလတ်စား | ဟာလဝါ၊ မုန့်မျိုးစုံ | ၁။ အကောင်းဆုံးဆု၊ အလတ်စား (၂၀၂၅)<br>၂။ အကောင်းဆုံးဆု၊ အလတ်စား ပူးတွဲ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၈ | Wilmar Myanmar ပေါင်းဆန် | OROP | ပေါင်းဆန် | အကောင်းဆုံးဆု၊ (OROP)(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၉ | M–Treasure ကွမ်းသီးဖတ် ထုတ်ကုန်လုပ်ငန်း | အသေးစား | ကွမ်းသီးဖတ် ထုတ်ကုန် | ဒုတိယဆု၊ ထုတ်ကုန်ဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၀ | ခင်ချောင်းသာ ခရု၊ ကနုကမာ | အသေးစား | ခရု၊ ကနုကမာ လက်ဆောင်ပစ္စည်း | အထူးဆု၊ လက်မှုလုပ်ငန်း စံပြထုတ်ကုန်(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၁ | ဂုတ်ဂွပ်မြန်မာ ဟင်းချက်အနှစ် | အသေးစား | ဟင်းချက်အနှစ် | အကောင်းဆုံးဆု၊ အသေးစား(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၁၂ | ဝါဝါဝင်း နို့နှင့် နို့ထွက်ပစ္စည်း | အငယ်စား | ဒိန်ချဉ်၊ နို့နှင့် နို့ထွက်ပစ္စည်း | အကောင်းဆုံးဆု၊ အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၁၃ | ဦးချစ်ဖွယ်၊ မကြည်ကြည်ဝင်း လယ်ယာသုံး စက်မှုလက်မှုလုပ်ငန်း | အငယ်စား | လယ်ယာသုံး စက်ကိရိယာများ | ဒုတိယဆု၊ လယ်ယာသုံး ပစ္စည်းများအတွက် အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၄ | Alloy အုန်းချိုမွှေး | အလတ်စား | အုန်းချိုမွှေးပျိုးပင်၊ အုန်းချိုမွှေး | တတိယဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၅ | ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း | – | ဓာတုကင်းလွတ် ပေါ်ဆန်း | တတိယဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN) | | | | | |
| | ၁၁၆ | ဒေါ်မေနှင်းဝေ " Healthy & Happy" စားသောက်ကုန်" | အသေးစား | ကွတ်ကီး | 1. SME Outstanding Award (2024)<br>2. THE MOST RESPONSIBLE BUSINESS AWARD IN WOMEN ENTREPRENEUR– SHIP PROGRAM (2023)<br>3. THE BEST IDEA AWARD (2023)<br>၄. RESILLIENCE FOR WOMEN LED SMEs AWARD ( 2022)<br>၅. အသေးစား စီးပွားရေးလုပ်ငန်း ပထမဆု (၂၀၂၅)<br>၆။ တိုးတက်မှုအကောင်းဆုံးဆု(၂၀၂၆)<br>၇။ The 22nd China – ASEAN EXPO – Silver Award (2025)<br>၈။ Global Food Industry Award – Winner Industrialization of a Traditional Food At 22nd World Congress of Food Science and Technology (2024)<br>၉။ ASEAN BUSINESS AWARD (2024 )<br>၁၀။ PROMISING AWARD BY ASEAN–INDIA GRASSROOT INNOVATION FORUM(2023) | ၁။ ဒေသအဆင့် UMFCCI<br>၂။ ဒေသအဆင့်<br>၃။ ဒေသအဆင့်<br>Myanmar Distribution Group<br>၄။ ဒေသအဆင့် UNDP, UN Women<br>၅။ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၆။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၇။ Nanning , China<br>၈။ Italy , Rimini<br>၉။ ASEAN<br>၁၀။ Malaysia |

စာမျက်နှာ ၁၆ သို့ ✪

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၂၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာမှု ဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ အေဂျင်စီများမှ ကိုယ်စားလှယ်များကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် လမ်းဖွင့်ဖိတ်ကြားထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှု အကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လူသားချင်းစာနာမှု အကူအညီပေးမှုများကို အကောင်းဆုံးပူးပေါင်း ဆောင်ရွက်နေကြောင်း၊ လုံခြုံရေး ဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးသို့ သွားရောက်ခွင့်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းနှင့်ပတ်သက်၍ လုံခြုံရေးကိစ္စကို အလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ အေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့်လည်း လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အကူအညီလိုအပ်နေသော ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ထိရောက်စွာ ရောက်ရှိရန် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အပြုသဘောဆောင်ပြီး နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိသော ကြားနေမူဝါဒဖြင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြံ့ကြံ့ခံနိုင်ရည်ရှိသော စီးပွားရေးနှင့် ပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုးပေးနိုင်ရေး ထည့်သွင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူး/ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနက်မှ UNICEF၊ UNHCR၊ UN Women တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံး၊ IOM နှင့် UNOCHA တို့မှ ရုံးအကြီးအကဲများ၊ WHO၊ UNFPA၊ UNOPS၊ WFP၊ FAO၊ UNDP တို့မှ ဒုတိယကိုယ်စားလှယ်များ၊ ယာယီရုံးတာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သာသနာရေးဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

သာသနာရေးဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးကာ အရာထမ်း၊ အမှုထမ်းများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပျိုးမှုနှင့် ယခင်နှစ်က စိုက်ပျိုးထားရှိသော မန်ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် မန်ကျည်းပျိုးပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်ဆန်းအားကစားကွင်းအတွင်းရှိ ဌာနပိုင်အဆောက်အအုံဟောင်းများ ဖျက်သိမ်း၍ လေလံတင်ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားကွင်းအတွင်းရှိ ဌာနပိုင်အဆောက်အအုံ ဟောင်းများ ဖျက်သိမ်း၍ လေလံတင်ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လေလံတင်ရောင်းချရေးကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများ၏ အောင်ဆန်းအားကစားပြိုင်ဝင်း၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ ဖျက်သိမ်းမည့် အဆောက်အအုံများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှု၊ အဆောက်အအုံဟောင်းများနှင့် အားကစားဆိုင်ရာ အဆောက်အအုံများ စနစ်တကျ လေလံတင် ရောင်းချဖျက်သိမ်းနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဌာနပိုင်အဆောက်အအုံ ဟောင်းများ လေလံတင် ရောင်းချနိုင်ရေးနှင့် ဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❂ စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) | | | | | | |
| | ၁၁၇ | ဒေါ်ဇာဇာဌေး<br>မှန်ချိုတိုင်းရင်းဆေး | အလတ်စား | တိုင်းရင်းဆေးအမျိုးမျိုး | ၁။ Myanmar Women Entrepreneur Award<br>၂။ မြန်မာအမျိုးသမီးစီးပွားရေးထူးချွန်ဆု<br>၃။ ASEAN outstanding Women Entrepreneurs Award<br>Myanmar Women Entrepreneurs Award | ဒေသအဆင့်<br>ဒေသအဆင့်<br>အာဆီယံ | |
| | မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) | | | | | | |
| | ၁၁၈ | ဒေါ်သီတာဝင်း<br>Apiculture Resource and Business Center<br>(ARBC) Limited | အသေးစား | အရည်အသွေးမြင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း | နိုင်ငံအဆင့်ပထမ India – ASEAN<br>Grassroot Innovation Competion<br>(2024) | အာဆီယံ | |
| | မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) | | | | | | |
| | ၁၁၉ | ဦးသိန်းဆွေ<br>Ability Software<br>Services Co.,Ltd | အသေးစား | Service<br>(Software<br>Solution) | Asian-Oceanian Computing Industry Organization<br>Outstanding Tech Company Award (2023) | အာဆီယံ | |

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ အင်းစိန်ဗဟိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်၊ ဒေါက်တာနုနုရီနှင့် ဒေါက်တာဆွေဆွေအောင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူ အကျဉ်းသားများအဆောင်၊ အကျဉ်းထောင်ဆေးရုံရှိ သက်ကြီးမသန်စွမ်း အကျဉ်းသားများအဆောင်၊ ဆေးကုသဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ သွေးရောဂါကုသဆောင်၊ တီဘီရောဂါကုသဆောင်၊ စာကြည့်တိုက်၊ သက်မွေးဝမ်းကျောင်းပညာသင်ကြားသည့် အလုပ်ရုံ၊ ဓမ္မာရုံ၊ စားဖိုကြီး၊ ဂတ်စ်မီးဖို၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိ၊ အကျဉ်းထောင်အတွင်း အကျဉ်းသားများအား သင်ကြားပို့ချပေးသည့် အခြေခံ အရေးအဖတ်အတွက် သင်တန်း၊ Grade 9 မှ Grade 12 နှင့် တက္ကသိုလ်စာသင်နှစ်များ အလိုက် စာပေသင်ကြားပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာ ပစ္စည်းများစုံလင်စွာ လက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု၊ အတန်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှုအခြေအနေ၊ အကျဉ်းသားအကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများက လည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရရှိမှု အခြေအနေနှင့် ကော်မရှင်၏ အကြံပြုချက်များအပေါ်အကျဉ်းထောင်က အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကော်မရှင်နှင့်လွတ်လပ်စွာသီးခြားတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားအကျဉ်းသူများ၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ကာ အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများ ပေးအပ်လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



မူဆယ် ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို မူဆယ်မြို့ စွမ်စော်ရပ်ကွက် ဘောလုံးကွင်းဟောင်းတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အခမ်းအနားတွင် တက်ရောက်လာသူများက ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သွားရောက်ကြည့်ရှုကြပြီး မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ဆက်လက်၍ ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲတွင်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ခရိုင်/မြို့နယ် စုပေါင်းရုံးခန်းမ၌ ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သရက်မြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား အထွက်တိုးမျိုးနှင့် သွင်းအားစုများပေးအပ်

မကွေး ဇွန် ၂၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်သမဝါယမဦးစီးဌာနမှ လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း) အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေးအတွက် အထွက်နှုန်းတိုးမျိုးများနှင့် သွင်းအားစု ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်လျက်ရှိသည်။

**ပေးအပ်**

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက မိုးစပါးစီမံကိန်းဆောင်ရွက်သော သရက်မြို့နယ် ထုံးတောင်ကျေးရွာ အောင်သစ္စာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံကာ စီမံကိန်းနှင့်ပတ်သက်၍



ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်းတစ်သင်းမှ အသင်းသား ၄၁ ဦး၏ စိုက်ဧက ၁၆၀ အတွက် ငွေကျပ် ၄၈၇၂၀၀၀၀ နှင့်ညီမျှသော အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် တွေ့ဆုံ

မော်လမြိုင် ဇွန် ၂၆

မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်သည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့်အတူ ယမန်နေ့က ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပေါင်မြို့နယ် သန့်ရှင်းသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုကို ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးသည် ကဒါရပ်ကွက်ရှိ အမှိုက်သိမ်းဆည်းရေးကန်နှင့် အသစ်ဆောက်လုပ်မည့် ပန်းခြံမြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မန္တလေးနည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

မန္တလေး ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေးနည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဇွန် ၂၅ ရက်တွင် ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုသိမ်ကြီး)မှ ဒုတိယရဲမှူးကံညွန့်က ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာရမည့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်အမှတ်အသားများနှင့် စနစ်တကျမောင်းနှင်ခြင်းဆိုင်ရာ အခြေခံအသိပညာများကို ရှင်းလင်းဆွေးနွေး ပို့ချပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကျိုင်းတုံတက္ကသိုလ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကျိုင်းတုံ ဇွန် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ကျိုင်းတုံတက္ကသိုလ် ခေမာရဋ္ဌခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှ ဒုတိယရဲမှူးစိုးဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုပုံစံများအား ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း (၂)၊ စောယွန်းလမ်း၊ တိုက်အမှတ် (၂၃) ဟုခေါ်တွင်သည့် (၄)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦမှ ပထမထပ်၊ အခန်းအမှတ်(၁၀၃)၊ အကျယ်အဝန်း (၈၁၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးနိုင်ဝင်း [၁၂/လကန (နိုင်)၀၁၅၄၇၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ (၁၈)လမ်း၊ အမှတ်(၈၉၅/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'x၆၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသည့် (၁)ခန်းတည်း (၆) ထပ်တိုက် အဆောက်အဦ၏ ပဥ္စမထပ်(ဖလွှာ)၊ အကျယ်အဝန်း (၁၈'x၅၄')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ရွှန်းလဲ့ရတနာ [၉/မဟမ(နိုင်)၀၂၄၅၃၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉– ၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅) ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၇၉၅)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေ မြေကွက်ကို ပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်စန်းမြင့်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သော ဖခင်ဖြစ်သူ ဦးထွန်းသိန်း ကွယ်လွန်သွားခဲ့သည့်အတွက် သားသမီးအရင်းများဖြစ်ကြသော ဦးရဲထွန်းဦး (+၃) မောင်နှမများမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး အထက်ပါ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိ အလျား(၂၀') x အနံ (၆၀') မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးခင်ချေ [၁၁/မပန(နိုင်)၀၂၂၀၈၀] မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ အပြီးချုပ်ဆိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၄၈၂)**
**အမှတ်(၁၂၂၄)၊ ရော(၂၂)လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ယခင် (၁/၁၅)ရပ်ကွက်၊ ယခု(၁၉)ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ အမှတ်(၇၆၈) အကျယ်အဝန်းပေ (၂၀x ၆၀)ပေနှင့် အမှတ်(၇၇၀)၊ အကျယ်အဝန်းပေ (၂၀x ၆၀) ပေအကျယ်ရှိ စုစုပေါင်း အကျယ်အဝန်းပေ (၄၀ x ၆၀)ပေ(၂)ကွက်တွဲအိမ်ခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၄–၆–၁၉၉၃) ခုနှစ်တွင် အရောင်းအဝယ် ဆက်စပ်စာချုပ်မူရင်းများဖြင့် ဦးမျိုးမြင့် (ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်ကျင်ကျင်အေး [၆/တသရ(နိုင်)၀၁၉၈၀၈]၊ သားဖြစ်သူ ဦးတင့်ရဲအောင် [၁၂/လသယ(နိုင်)၁၁၁၆၁၃]တို့က အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါအိမ်ခြံမြေအား လက်ရောက်ရယူ နေထိုင်ခဲ့ပါသည်။ ဦးမျိုးမြင့်သည် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်သောကြောင့် ဦးမျိုးမြင့်၏ ဇနီးဖြစ်သူ ဒေါ်ကျင်ကျင်အေး အပါအဝင် သားသမီးအားလုံးတို့သာလျှင် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ပေါင်နှံ၊ ရောင်းချ၊ စွန့်လွှတ်၊ လွှဲပြောင်း၊ လှူဒါန်းပိုင်ခွင့်ရှိကာ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက် ကန့်ကွက်တားဆီးပိုင်ခွင့် မရှိကြောင်းနှင့် ဒေါ်ကျင်ကျင်အေးအပါအဝင် ၎င်း၏သားသမီးများမသိရှိဘဲ မည်သူမဆို ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ပေါင်နှံ လွှဲပြောင်း ရောင်းချခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ကျင်ကျင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/ရှေ့)ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ (၉၁)လမ်းဘက်အခြမ်း၊ တိုက်အမှတ် (၄၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ၏(၆)လွှာ၊ (ဘယ်ဘက်အခန်း) အကျယ်အဝန်းပေ (၁၂ပေခွဲx ၅၀) ပေ အကျယ်ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်ရေ၊ မီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၇–၆–၂၀၁၈)ရက်နေ့တွင် အရောင်းအဝယ် ဆက်စပ်စာချုပ်မူရင်းများဖြင့် မြေရှင်အခန်းပိုင်ရှင်ဖြစ်သော ဒေါ်မြင့်မြင့် [၁၂/မဂတ(နိုင်)၀၃၄၃၇၁]ထံမှ ဦးစိုးမြင့် [၈/ခမန(နိုင်)၀၂၀၇၄၈]က အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါတိုက်ခန်းအား လက်ရောက်ရယူ နေထိုင်ခဲ့ပါသည်။ ဦးစိုးမြင့်သည် (၂၀၂၀)ခုနှစ်၊ အောက်တိုဘာလတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်သောကြောင့် ဦးစိုးမြင့်၏ ဇနီးဖြစ်သူ ဒေါ်လှမြင့်သိန်း [၈/ခမန(နိုင်)၀၂၀၇၂၂]၊ သားသမီးများဖြစ်ကြသော ဒေါ်မြတ်သွယ်စိုး [၈/ခမန(နိုင်)၁၂၈၄၁၀]၊ ဦးပြည့်ဖြိုးဟန် [၈/ခမန(နိုင်)၁၁၀၁၂၆]၊ ဒေါ်မြတ်နွယ်စိုး [၈/ခမန(နိုင်)၁၄၃၈၅၂] (၄)ဦးတို့သာပိုင်ဆိုင်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ သားဖြစ်သူ ဦးပြည့်ဖြိုးဟန်မှ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက် ကန့်ကွက်တားဆီးပိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉– ၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ပိတောက်လမ်း၊ မြေကွက်အမှတ်(၉၂၀/က)၊ ပါမစ်မြေအမျိုးအစား၊ (၂၀'x၆၀') အကျယ်ရှိ မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၂၀/ခ) နှင့်ကပ်လျက်အခြမ်း၊ (၁၀'x၆၀')အကျယ်မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးလှဝင်း[၁၂/ဥကတ(နိုင်)၀၃၇၉၃၂] က လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီသိန်း[၁၂/ဥကတ(နိုင်) ၀၄၂၄၇၄]က ဝယ်ယူရန် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်း အဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသော်ဇင် LL.B**
**(တရားလွှတ်တော်ရှေ့နေ)(စဥ်–၁၆၇၁၃)**
**ဖုန်း–၀၉–၄၃၀၆၄၂၈၁**

## (၁၆–၆–၂၀၂၆) ရက်နေ့တွင် ဦးဇော်မင်းနိုင် တရားလွှတ်တော်ရှေ့နေ (စဥ်–၁၀၉၁၈/၁၆) မှ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

(၁၆–၆–၂၀၂၆) ရက်နေ့ထုတ် ဤသတင်းစာပါ ဦးဇော်မင်းနိုင် (တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် အင်းစိန်မြို့နယ်၊ မြို့သစ်(၀)ရပ်ကွက်ရှိ နေအိမ်တိုက်ခန်း (၂) ခန်းတို့ အနက်မှ အမှတ် (က/၂၇၁)၊ ဒုတိယထပ်၊ ကံ့ကော် (၂)လမ်း၊ မြို့သစ် (၀) ရပ်ကွက်၊ အင်းစိန်မြို့နယ်ဆိုသည့်တိုက်ခန်းမှာ မဇာဇာမိုးနိုင် [၁၂/အစန (နိုင်)၁၉၆၃၂၇] နှင့် မောင်ဇေယျာကိုကို [၁၂/အစန(နိုင်)၁၉၉၂၆၇] တို့နှစ်ဦး အား အဘိုးဖြစ်သူ ဦးမောင်လှ [၁၂/အစန (နိုင်)၁၃၇၉၆၅] က ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့၌ မေတ္တာဖြင့်အပိုင်ပေးခဲ့သည့်တိုက်ခန်း ဖြစ်ပါသည်။ အင်းစိန်မြို့နယ်၊ မြို့သစ် (၀) ရပ်ကွက်၊ ရွှေဝါ (၂) လမ်း၊ အမှတ် (၁၆၈/၁၆၇)၊ မြေညီထပ် (ခေါင်းရင်းခြမ်း) တိုက်ခန်းမှာ မိခင်ဖြစ်သူ ဒေါ်မိုးသီတာက သားသမီးများဖြစ်ကြသည့် မဇာဇာမိုးနိုင် နှင့် မောင်ဇေယျာကိုကို တို့ကို အမွေပေးခဲ့သည့် အမွေပစ္စည်းဖြစ်ပါသည်။ ယနေ့တိုင် မောင်နှမနှစ်ဦး အမွေခွဲဝေရယူခြင်းမပြုရသေးသည့် တိုက်ခန်းဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း (၂) ခန်းအား မဇာဇာမိုးနိုင်က အင်းစိန်မြို့နယ်၊ မြို့သစ် (၀) ရပ်ကွက်နေ ဒေါ်ခိုင်ခိုင်ဝင်း [၈/ပဖန(နိုင်)၀၇၁၂၄၆] ထံ အပေါင် ထား၍ ငွေချေးယူခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ ငွေချေးယူရာတွင် တိုက်ခန်းတစ်ခန်းစီကို တိုက်ခန်းအပြီး အပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းနှင့် နှစ်ဦးသဘောတူ ငွေယုံကြည် အပ်နှံခြင်း ကတိစာချုပ်များ ချုပ်ဆိုပေးခဲ့ရခြင်းသာဖြစ်ပါသည်။

သို့ပါ၍ ငွေချေးယူသူ မဇာဇာမိုးနိုင်မှ ချေးယူထားသည့်ငွေနှင့်အတိုး တို့ကို ကျသင့်သည့်အတိုင်း ပြန်လည်ပေးသွင်းမည်ဖြစ်ပါသည်။ တရားလွှတ် တော်ရှေ့နေ ဦးဇော်မင်းနိုင်၏ အများသိစေရန်ကြေညာခြင်းအား ကန့်ကွက် ပါကြောင်း၊ မှန်ကန်မှုမရှိပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **မဇာဇာမိုးနိုင်** | **ဦးစောစိုင်းမွန် (LL.B)** |
| **[၁၂/အစန (နိုင်)၁၉၆၃၂၇]** | **အထက်တန်းရှေ့နေ(စဥ်–၄၅၃၅၃)** |

**အမှတ်–၁၀/၁၂၊ ပထမထပ်၊ ၃၅–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၆၄၈၉၄၉၈**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၁၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်– ၁/၂၊ မြေကွက်အမှတ်– ၉၈၊ အကျယ်အဝန်း(၂၅'x၅၀')ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုရှိသော ဦးကျော်သူဝင်း [၁၄/ပတန(နိုင်)၀၀၀၇၅၀]ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးဟန်ထူး [၁၂/မရက(နိုင်)၁၃၈၆၇၀]က ဝယ်ယူရန် ဦးကျော်သူဝင်းကိုရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမျိုးဝင်း** | **ဦးအာကာဦး** |
| **စဥ်–၁၉၀၇၀** | **စဥ်–၅၄၇၆၄** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်–၁၂၊ ပထမထပ်နှင့် ဒုတိယထပ်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၁၉၀၇၀၇၃**

## "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၂၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ်–၉၄၅၊ (အလျား၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်စန်းရွှေ (CZN–094922)အမည်ပေါက် ပါမစ်မူရင်း မြေကွက် အနက်မှ (အလျား၂၀xအနံ၆၀)ပေရှိ အမှတ်(၉၄၄)နှင့် ကပ်လျက်ဘက်ခြမ်း (အလျား၁၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိအတွင်းဘက်ခြမ်း မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်အရောင်းအဝယ် ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိလက်ဝယ် ပိုင်ဆိုင်ထားသူ ဦးသန်းဆွေ [၈/မမန(နိုင်) ၁၆၈၄၇၂] မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမော် (LL.B) (DBL)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၃၃၇၄)**
**အမှတ်–၉၁၆၊ ပုလဲရွှေဝါ(၂)လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၃၇၂၆၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ယခင်–စီ–၁၊ ယခု–၁၅–စီ၁၊ မြေကွက်အမှတ်–၉၊ ဒုတိယတန်းစားအမျိုးအစား၊ တတိယမြောက်(၆) ပုံတစ်ပုံအစိတ်အပိုင်း၊ မြေအကျယ်အဝန်း (၁၆'၈" x ၆၀')နှင့် (၈"x ၆၀') ရှိ မြေပိုင်မြေဟုခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၈၃/၈၅) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်နိုင် [၁၂/မရက(နိုင်)၀၈၁၀၁၇]၊ ဒေါ်ချိုချိုမြ [၁၂/ဗဟန (နိုင်)၀၇၀၄၃၁]၊ ဦးသန်းထွန်းတင် [၁၂/ဒဂန(နိုင်)၀၁၉၄၂၆]၊ ဒေါ်သက်နီသိန်း [၁၂/မရက(နိုင်)၁၀၈၄၆၅] နှင့် ဦးရန်လင်းသိန်း [၁၂/အစန(နိုင်)၁၈၀၉၂၇] ကိုင်ဆောင်သူ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes (Law), D.B.L ]**
**အထက်တန်းရှေ့နေ (စဥ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၂၊ မြေကွက်အမှတ်–၅၁၉၊ ဧရိယာ– အလျား ၄၀' × အနံ ၆၀' ရှိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၂–ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်–၅၁၉ ဟုခေါ်တွင်သည့် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးတင်ကြည်(BR–၀၀၈၃၉၈)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမျိုးနိုင်(၈/မကန(နိုင်)၁၂၈ရ၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –

| | |
|---|---|
| ဒေါ်သဉ္ဇာဝင့် ( LL.B., D.B.L., D.I.L.) | ဦးဇော်ဇော်သီဟအောင် (LL.B., D.B.L.,D.I.P.L) |
| တရားလွှတ်တော်ရှေ့နေ (စဥ်–၈၅၀၁) | တရားလွှတ်တော်ရှေ့နေ (စဥ်–၁၆၉၃၆) |

အမှတ်–၂၀၊ ရောဝတီလမ်း၊ ၁၀–ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၅၀–၇၀၅၃၂ ၊ ၀၉–၇၉၉၅၆၅၇၈၃၈၊ ၀၉–၅၁–၃၅၄၆၄၊ ၀၉–၇၉၄၈၄၄၉၅၄

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖေယျာ(၈)လမ်း၊ မြေကွက်အမှတ်(၃၆၈)၊ မြေအကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်မှ (စတုတ္ထထပ်)၊ (၅လွှာ)၊ (ခြေရင်းခြမ်း)၊ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၇ပေ× ၅၄ပေ)၊ အမြင့်(၉)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ ယခုအပိုင်ရောင်းချသူများဖြစ်ကြသော ဦးရဲကျော်စိုး(၁၂/ဥကမ(နိုင်)၁၇၃၆၀၈)နှင့် ဒေါ်ခိုင်ဇာထွေး(၁၂/ရပသ(နိုင်)၀၄၄၃၄၂)တို့သည် "ကန်ထရိုက်တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ခြင်းသဘောတူကတိစာချုပ်"ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး လွှတ်လပ်စွာစီမံခန့်ခွဲ၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –**ဒေါ်မေဇင်ဦး** (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၉၃၈၂)
အမှတ်(၄၈၂)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း– ၀၉–၇၈၂၆၉၃၅၅၁၊ ၀၉–၄၂၉၁၅၄၉၆၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇာဓိရာဇ်လမ်းမကြီး၊ မြေကွက်အမှတ်(၄)၊ မြေအကျယ်အဝန်း(အလျားxအနံ) (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်အေးမြိုင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ပျဉ်ထောင်နေအိမ် တစ်လုံး၊ ရေ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့် ရှိခြင်းအရ လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဒေါ်ငြိမ်းငြိမ်းအေး+၃ [၁၂/ကမရ (နိုင်)၀၀၆၇၃၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၂၄–၆–၂၀၂၆) ရက်စွဲပါ "မြေနှင့်အိမ် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့် ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်နီလာဦး**
**LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဥ်–၃၉၁၁၃)**
**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉ –၂၆၄၅၀၉၉၄၅၊ ၀၉ –၂၅၉၄၆၄ ၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာအောင် [၉/မခန(နိုင်)၁၆၁၇၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁၃)၊ မြေကွက်အမှတ်(၁–ဒီ/က)၊ အကျယ်အဝန်း(၀.၄၄ဧက)၊ (၁–ဒီ/ခ)၊ အကျယ်အဝန်း(၀.၂၂၉ဧက)၊ (၁–ဒီ/ဂ)၊ အကျယ်အဝန်း(၀.၂၂၉ဧက)ရှိ နှစ်(၆၀)ဂရန်မြေ၊ မြေကွက်(၃)ကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်မော်မော်ဆွေ [၁၂/အစန(နိုင်) ၁၁၅၁၃၁](+၁)ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်စိုးနိုင် [၁၂/သကတ(နိုင်)၁၀၈၁၈၁]နှင့် ဦးဝေလင်း [၁၂/သကတ(နိုင်)၀၃၄၃၁၁]တို့မှ မိမိတို့သာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူ တစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဦးကျော်စိုးနိုင်နှင့် ဦးဝေ လင်းတို့ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ စ၍ (၇–ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ)စဥ်–၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL–DIP (101,202,302,317) (Switzerland)**

| | |
|---|---|
| **ဒေါ်အေးနန္ဒာလင်း (LL.B)** | **ဒေါ်မြတ်သီရိဇော်(LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)စဥ်–၁၃၄၇၅** | **(အထက်တန်းရှေ့နေ)စဥ်–၅၂၃၃၄** |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း – ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အဦ၏ (၆)လွှာ (ခေါင်းရင်းခန်း)၊ (၁၂ ½ ပေ x ၅၀ ပေ)ခန့် အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သစ္စာအေးမောင်သန်း [၁၂/စခန(နိုင်)၀၀၂၉၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၁၁၃၂၁၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇၂/၇၄)ရှိ (၄)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ မြေညီထပ်နှင့် ပထမထပ် စုစုပေါင်းတိုက်ခန်း(၂)ခန်း (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက် ထောင့်ခန်း၊ ဒေါ်သိန်းတင်လမ်းနှင့် ဘန္ဓာကုန်း(၄)လမ်းထောင့်ရှိ အခန်း(၂)ခန်း)၊ အကျယ်အဝန်းအားဖြင့် (၁၈ ပေ x ၅၅ ပေ)ခန့်ရှိပြီး ယင်းတိုက်ခန်းများတွင် ကိုယ်ပိုင်လျှပ်စစ်ပါဝါမီတာ(၁)လုံးနှင့် Lighting မီတာ(၁)လုံး၊ ရေမော်တာ(၂)လုံးတို့အပါအဝင် ယင်းတိုက်ခန်း(၂) ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးလှကြိုင်[၁၂/မဂတ(နိုင်)၀၇၇၆၂၆]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အမွေစားအမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပါးပါးနီ( LL.B.,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၄၇)**
**အမှတ်(၁၉၂)၊ ပထမထပ်၊ (၃၂–လမ်း) အထက်၊ (၁၁)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၈၄၇၈၆၂၊ ၀၉–၂၅၅၇၇၈၀၉၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၁၆၈/ခ) ဦးသောင်း(CG–၀၄၆၉၁၅) စာအမှတ်(၁၁၄၉) ပါမစ်မူရင်းအမည်ပေါက် ပေ(၂၀x၆၀)မြေကွက်မှ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသော ဇနီးဖြစ်ကြောင်း အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်လှသွယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၀)၊ မြေကွက်အမှတ် (၈၀၀) ဦးထွန်းနောင်[၁၂/ဗဟန(နိုင်)၀၅၀၆၂၄] စာအမှတ်(၇၆၃) ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ ပါမစ်မူရင်း(၈၀၁)နှင့် ကပ်လျက်မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးစည်သူဟိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိုညိုသိမ့်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ညိုညိုသိမ့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်ကွက်၊ အကွက်အမှတ် (၄၆)၊ အကွက်အမည်–သင်္ဘောဆိပ်အကွက်၊ ဦးပိုင်အမှတ်(၈၂)၊ မြေဧရိယာ(၀.၁၃၄)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်–

(က) အရှေ့လားသော် – ဦးပိုင်အမှတ်(၈၄–က)၊(၈၅)
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်(၇၇)၊(၇၉–က)၊ (၇၉–ခ)
(ဂ) တောင်လားသော် – ရွာလယ်လမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်(၈၁)၊(၈၃)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင် / မြေပိုင်အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်း) ပေးရန် ဦးဝင်းဇော်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်နေ့မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ကေခိုင်ရွှေ [၁၂/စခန(နိုင်)၀၀၇၇၅၄] ပိုင်ဆိုင်သော ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ဥဿာမြို့သစ်၊ ကွင်းအမှတ် (၂၀)၊ ဦးပိုင်အမှတ် (၁၉)၊ (အိမ်ရာမြေ)၊ (၀.၁၅၆)ဧရိယာဧကေ၊ နှစ်(၃၀)မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် သက်တမ်းတိုး အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ရွှေ [၁၂/စခန(နိုင်)၀၀၇၇၅၄]**
**၉၇(စီ)၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား**
**(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အ.ထ.က (အလှပ်) ကျောင်းမှ Grade–11 ကျောင်းသူ မကြယ်စင်၏ မိဘအမည်မှန်မှာ ဦးမျိုးလင်း နှင့် ဒေါ်ညို ဖြစ်ပါကြောင်း။

**ဦးမျိုးလင်း–ဒေါ်ညို**

## အမည်ပြောင်း

သာယာဝတီမြို့နယ်၊ သဇင်အိုင်အုပ်စု စာဖြူစုကျေးရွာနေ (ဘ) ဦးမြင့်ကိုကို၏ သမီး အမက စာဖြူစု Grade–5 မှ မသဒ္ဒါရှင်းသန့်ကိုအား မသွန်းသဒ္ဒါထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းသဒ္ဒါထက်**

## အများသိစေရန် ကန့်ကွက်၊ သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဇံ [၁၂/သဃက(နိုင်) ၁၅၃၇၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လွတ်လပ်ရေး(ခ) ရပ်ကွက်၊ အိမ်အမှတ်(၂၂)၊ ခြံအမှတ်(၂၅)၊ အလျား၇၀ ပေXအနံ ၇၀ ပေရှိ မြေနှင့် အဆောက်အဦသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ အဘိုး ဦးမနီကွန်း၊ အဘွား ဒေါ်ပုဝါရီတို့ပိုင်ဆိုင်သော မြေနှင့်အဆောက်အဦဖြစ်ပါသည်။ ယခုအခါ အဘိုး၊ အဘွားများ ကွယ်လွန်သည့်အခါ အမွေဆိုင်များ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်နေမှုအပေါ် အမွေဆိုင်သားချင်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဇံမှ အများသိစေရန် ကန့်ကွက်၊ သတိပေးကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၈၇၁၊ ၁၉–၂–၁၉၉၂)**
**အမှတ်(၇၇၃)၊ ရော(၁၇)လမ်း၊ ည/ရပ်ကွက်၊ မ/ဥက္ကလာပ။**
**ဖုန်း–၀၉–၄၃၁၃၈၂၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉–ဝါးတရာ)၊ မြေကွက်အမှတ်(၂၁၉+၂၂၀+၂၂၁+၂၂၂+၂၂၃+၂၂၄+၂၂၅+၂၂၆+၂၂၇)/A–၁–ခ၊ ဧရိယာအကျယ်အဝန်း(၂.၆၈၉)ဧက၊ (၁၁၇၁၁၇) စတုရန်းပေ အလျား(၂၀၂/၂၂၀)ပေ၊ အနံ(၅၅၄/၅၆၃)ပေကျယ်ဝန်းသော နှစ်(၆၀)စက်မှု ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၁၉+၂၂၀+၂၂၁+၂၂၂+၂၂၃+၂၂၄+ ၂၂၅+၂၂၆+၂၂၇)/A–၁–ခ၊ ဝါတရာစက်မှုဇုန်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်နှင့်တကွ ပတ်သက်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီတာဝင်း (ဘ) ဦးရီယုံခြင်[၁၃/ကမန(နိုင်)၀၆၉၃၁၃]ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၆၉၅၁၀၂၉၃၀၊ ၀၉–၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈U9)၊ မြေကွက်အမှတ်(၃၀၈)၊ ဧရိယာအကျယ်အဝန်း(၀.၁၁၀)ဧက၊ (၄၈၀၀)စတုရန်းပေ အလျား(၆၀)ပေ၊ အနံ(၈၀)ပေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈ U9)ရပ်ကွက်၊ စိတ္တကျော်သူဦးညြလမ်း၊ အမှတ်(၃၀၈)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပတ်သက်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိအိဖြိုး(ဘ) ဦးတင်စိန် [၁၀/မလမ(နိုင်)၁၉၈၅၄၄] ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။**
**၀၉–၆၉၅၁၀၂၉၃၀၊ ၀၉–၇၉၅၇၃၀၉၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
## (၂၀၂၇)ပညာသင်နှစ်
## မဟာသိပ္ပံဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၇)ပညာသင်နှစ်အတွက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)<br>MCommH(Master of Community Health) | (၁) နှစ် |
| ၂။ | ကူးစက်ရောဂါကွင်းဆင်းဆောင်ရွက်ခြင်း<br>ကျွမ်းကျင်မှုဆိုင်ရာဒီပလိုမာ<br>Dip.FE(Diploma in Field Epidemiology) | (၁) နှစ် |

၂။ **လိုအပ်သော အရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) မဟာသိပ္ပံဘွဲ့လွန်သင်တန်း**

(၁) ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)အတွက် ကျန်းမာရေး သိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (သို့မဟုတ်) B.Sc / B.A ဘွဲ့ရရှိထားပြီး ပုံမှန် လက်ထောက်ကျန်းမာရေးမှူးသင်တန်း (RHA)/ လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) (CHA)သင်တန်းဆင်းပြီးသူ ဖြစ်ရမည်။

(၂) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)ရရှိသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၃) B.Sc / B.A ဘွဲ့ရရှိပြီး ပုံမှန်လက်ထောက်ကျန်းမာရေးမှူး သင်တန်း(RHA) / လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) (CHA) သင်တန်းဆင်းပြီးသူ များသည် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၅) မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**(ဃ) ဒီပလိုမာသင်တန်း**

(၁) ကူးစက်ရောဂါကွင်းဆင်းဆောင်ရွက်ခြင်းကျွမ်းကျင်မှု ဆိုင်ရာဒီပလိုမာသင်တန်းအတွက် ဆေးပညာဘွဲ့(M.B.B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (B.Comm.H) ရရှိထားသူများ (သို့မဟုတ်)B.Sc / B.A ဘွဲ့ရရှိထားပြီး ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း (RHA)/လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) (CHA)သင်တန်းဆင်းပြီးသူ ဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၄) "ကူးစက်ရောဂါကွင်းဆင်းဆောင်ရွက်ခြင်း ကျွမ်းကျင်မှုဆိုင်ရာဒီပလိုမာဘွဲ့ (Diploma in Field Epidemiology)(Dip.FE)"ရရှိပြီးနောက် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရ မည်။

(၅) ဒီပလိုမာဘွဲ့ရရှိပြီးနောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ပုဂ္ဂိုလ်များသည် မိမိဦးစီးဌာနတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရန်နှင့်အခြားဦးစီးဌာနများမှ ပုဂ္ဂိုလ်များသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အနည်းဆုံး(၁)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၃၁–၈–၂၀၂၆)ရက် (တနင်္လာနေ့)ဖြစ်သည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကို ငွေသွင်းချလန်(မူရင်း)နှင့်တကွ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၌ (၃၀–၁၀–၂၀၂၆)ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်သည်။

၇။ မဟာသိပ္ပံဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀/– (ကျပ် တစ်ထောင်တိတိ)ကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD–(011088)သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (မကွေး)တွင် ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ငွေစာရင်းအမှတ် MD–(011088)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်း စစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ Website: www.uch.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဖုန်းနံပါတ် ၀၉–၉၅၂၀၀၈၈၂၆၊ ၀၉–၄၀၁၆၅၆၁၈၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထက(၆) G–8(A–1)မှ မောင်သီဟထွန်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း(ခ)ဦးမန်းနီကျွန်း ဖြစ်ပါကြောင်း။

**ဦးလှထွန်း(ခ)ဦးမန်းနီကျွန်း**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်ဦး၏ သား ဦးအောင်မင်းဦး [၁၂/သကတ(နိုင်)၀၈၃၁၂၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–420060280**

## ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အ.ထ.က ကံဘဲ့ကျောင်း Grade–12 ကျောင်းမှ မချစ်လွန်းတင်၏ ဖခင်အမည် မှန်မှာ စကျော်မြင့် [၁၄/ငပတ (နိုင်) ၀၆၈၄၁၇] ဖြစ်ကြောင်း။ **စကျော်မြင့်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၁၄၆၀)၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပစ္စည်းအားလုံးတို့၏ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံကတိပြုသူ ပိုင်ရှင်ဖြစ်သော ဦးခင်မောင်ဌေး [၁၃/တယန(နိုင်)၀၄၀၇၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇/၂၀၂၁)**
**တိုက်အမှတ်-၂၅၀၊ ၄-လွှာ၊ အေးစေတီလမ်း၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ခရေလမ်း၊ မြေကွက်အမှတ်(၄၅၂/ခ)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေထဲမှ (ခေါင်းရင်း)ဘက်ခြမ်း မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ ဦးပြား (EE-၀၂၆၉၈၅) အမည်ပေါက် မြေချပါမစ်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်ဌေး [၇/သကန(နိုင်)၁၁၃၃၀၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်- ၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်- ၈၇၅၊ ၂ ခန်းတွဲ ၆ထပ် အဆောက်အဦ၏ စတုတ္ထထပ်၊ ၅ လွှာ၊ ခေါင်းရင်းခြမ်း/ယာ၊ ၁၇ ပေx ၅၄ ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးနိုင်မင်းဦး [၇/သဝတ(နိုင်)၁၂၀၉၁၇]က ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အင်ကြင်းကိုကို [၁၂/ဗဟန(နိုင်)၁၀၆၉၃၂] က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အင်ကြင်းကိုကို ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယ ၃၀လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်-၃၂၉/ခ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၃၂၉/ခ)၊ ဧရိယာ (၀.၀၂၉)ဧက၊ (၂၁ပေx၆၀ပေ) ဦးမောင်လှ (CG-၀၈၀၀၈၈၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိနေထိုင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးမော် [၁၂/ဥကတ(နိုင်)၁၈၃၈၇၃] ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲရင့်ကျော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၁၂၂၅)**
**အမှတ်(၁၉)၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉-၇၇၇၂၁၉၀၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၇၆၄)၊ အကျယ်(၄၀x၆၀)ပေ ဂရန်အမည်ပေါက် ဒေါ်ဂရီတာ၏ မြေအနက်မှ ဘယ်ခြမ်း အကျယ်(၂၀'x၆၀')ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သိန်း [၁၂/တမန(နိုင်)၀၈၆၈၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးနွေးပွင့်စံ [၁၀/မဒန(နိုင်)၁၆၆၃၄၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၀၉၄၄၃၊ ၀၉-၇၉၈၀၄၆၂၇၇**

**လုံးချင်းအရောင်း - 38000 သိန်း**
( ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် ဖုန်း - 09-5122233 )
အမှတ်( - )၊ မြင်တော်သာလမ်းမကြီး၊ ၁ ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
(33ပေ × 60ပေ)၊ အရှေ့လှည့်၊ 2RC၊ ပြင်ဆင်ပြီးဧရာဝဏ်လမ်းမကြီးနှင့် မြင်တော်သာ လမ်းမကြီးထောင့် အနီး၊ နှစ်(၆၀)ဂရန်၊ နေရာကောင်း၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ၅)၊ မြေကွက်အမှတ်(၃၆၇/၁)၊ ဧရိယာ(၀. ၀၆၉)ဧကအကျယ်ရှိ ဦးညီညီဇော် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ်)မင်္ဂလာဒုံမြို့နယ်၊ (ပေါင်းကူးဥာဏ)ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(၃၆၇/၁)ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး အပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဒေါ်တင်တင်ထွေး(၁၂/သကတ(နိုင်)၀၇၂၀၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း၊ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်နိုးခင်(LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၅၆၂၆၃)
09-400860081,09-458887918
အမှတ်(1/A2)၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ ဗဟို(၂၄)လမ်း၊ အမှတ်(၂၂၇)ဟုခေါ်တွင်သော သန်လျင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- ဗိုလ်ချုပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၆၇၂/A ကျောင်းကုန်းမြောက်၊ ဦးပိုင်အမှတ်-L၂၂၇၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅) ဧကရှိ လ/န(၃၉) လျှောက်ထားဆဲ အိမ်ရာမြေအမျိုးအစားမြေကွက်သည် သန်လျင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဦးဝင်းမောင် (KIN-043320) အမည်ဖြင့် ထွက်ရှိထားပြီး ရောင်းချသူ ဒေါ်နန်းမြင့်မြင့်ချို [၇/ထတပ(နိုင်)၀၅၁၂၈၇] မှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ ဗဟို(၂၄)လမ်း၊ အမှတ် (၂၂၈) ဟုခေါ်တွင်သော သန်လျင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- ဗိုလ်ချုပ်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၆၇၂/A ကျောင်းကုန်းမြောက်၊ ဦးပိုင်အမှတ်-L၂၂၈၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ (၀.၀၅၅) ဧကရှိ လ/န(၃၉) လျှောက်ထားဆဲ အိမ်ရာမြေအမျိုးအစား မြေကွက်သည် သန်လျင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဦးခင်မောင်စိန်[၁၂/သလန(နိုင်)၀၄၉၄၂၄]အမည်ဖြင့် ထွက်ရှိထားပြီး ထိုမြေကွက်အနက်မှ (၂၀x၆၀)ပေအား ရောင်းချသူ ဒေါ်နန်းမြင့်မြင့်ချို [၇/ထတပ(နိုင်)၀၅၁၂၈၇] မှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍လည်းကောင်း၊ ကျန်အကျယ်အဝန်း (၂၀x၆၀)ပေအား ရောင်းချသူ ဒေါ်ကြည်ကြည်မြင့် [၇/သဝတ(နိုင်)၀၄၈၇၅၆]မှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍လည်းကောင်း၊ ၎င်းတို့ထံမှ အဆိုပါမြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)**
**အမှတ်-၁၄၇၊ ၄၆-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၁၂၄၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)

## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်

## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

| | | |
|---|---|---|
| ၁။ ဒေါ်အေးသီတာစိုး<br>၂။ ဦးမရမ်းသီး<br>**(တရားလို)** | နှင့် | ဦးဇော်ဝင်း<br><br>**(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၇)၊ ကံ့ကော်လမ်း၊ အမှတ်(မရှိ)ရပ်နေ ဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်စာချုပ်ပါအတိုင်းမြေနှင့်အိမ်အား အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ်လ ၈ ရက်) နေ့မွန်းမတည့်မီ (၁၀) နာရီ**အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

**၂၀ ၂၆ ခုနှစ်၊ ဇွန်လ(၂၃) ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မိုးဟိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ) ဦးအိုက်စိုင်း၏ သားကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ဝမ်ပွေရပ်နေ ကျွန်တော် ဦးမျိုးမြင့် [၁၃/ကတန(နိုင်)၀၅၇၈၁၆] (ခ) ဦးငှက်နီသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်(ခ)ဦးငှက်နီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅-၆-၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ-၂၁ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စိုးစိုးမြင့်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် မြေတိုင်းရပ်ကွက် အမှတ် (သကတ-၁၂တိုးချဲ့) အစား (သကတ-၁/တိုးချဲ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

ရန်ကုန်မြို့၊ VERTEX YEAR II တွင် တက်ရောက်နေသော (ဘ) ဦးအောင်ကျော်မင်း [၁၂/လမတ (နိုင်)၀၃၃၃၅၇]၏ သမီး မလွင်ထက်ထက်သူ၏ အမည်မှန်မှာ မလဝန်းမေဖြစ်ပါကြောင်း။

**မလဝန်းမေ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသောင်းရွှေ၏ သမီး ကျွန်မ ဒေါ်နှင်းနှင်းခိုင် [၁၄/ပတန(နိုင်)၀၈၃၄၀၄]၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-697431947**

## အမည်မှန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အ.ထ.က(၂) Grade-11(B)နေ (ဘ) ဦးဇေမင်းထွန်း [၁၂/အစန(နိုင်)၁၉၀၀၄၁]၏ သားဖြစ်သူ မောင်ဟိန်းထက်၏ အမည်မှန်မှာ မောင်ဇော်ခိုင်မင်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၈၅၊ မြေကွက်အမှတ်-၇၃၃၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးတင်ထွန်းအမည်ဖြင့် ထွက်ရှိထားသော ပါမစ်မူရင်းအစုံ အလျားပေ၄၀ x အနံ ၆၀ပေ မြေကွက်နှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကို ဒေါ်ခင်စန္ဒီမျိုး [၁၂/ဒပန(နိုင်)၀၄၇၄၉၆]က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ရန်ဇူစင်း [၁၃/မထတ(နိုင်)၀၀၀၁၀၀]က ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရန်ဇူစင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး**
**(LL.B,CBL,DBL) (DL-101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၉၅/က)၊ အကျယ်အဝန်း(အလျား၂၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ဦးဌေးအောင်၊ ၂။ဒေါ်သန်းသန်းဆင့်တို့အမည်ဖြင့် တရားဝင် ပူးတွဲ၍ အမည်ပေါက် ပိုင်ဆိုင်ထားပြီး ခင်ပွန်းဖြစ်သူ ဦးဌေးအောင်ကွယ်လွန်သွားသည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့်(SCG-၀၀၂၅၈၀)၊ [၁၂/စခန(နိုင်)၀၁၁၁၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့် အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးသိန်း(B.A,PGDL)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**
**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph -၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉ ၂၉၉ ၂၅၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(56)၊ 94လမ်း၊ ကန်/တောင်နေ ဒေါ်သန်းညွန့် [၁၄/ဘကလ(နိုင်)၀၆၉၉၁၆]၏ သမီးဖြစ်သူ နန်းယုမော် [၁၂/တမန(နိုင်)၀၉၀၇၀၁]သည် မိသားစုကို အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် အမွေစား အမွေခံ သမီးအဖြစ်မှ တရားဝင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင်တွင် အမွေကိစ္စသော်လည်းကောင်း၊ ငွေရေးကြေးရေးကိစ္စသော်လည်းကောင်း၊ လူမှုရေးကိစ္စသော်လည်းကောင်း မိခင်နှင့်တကွ ကျန်ရှိသောမိသားစုနှင့် လုံးဝ(လုံးဝ) မပတ်သက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်သန်းညွန့် [၁၄/ဘကလ(နိုင်)၀၆၉၉၁၆]**

## "ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း"

ရန်တုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဥဇ္ဇနာ(၄)လမ်း၊ အမှတ်(၁၁၇/ခ) ဟုခေါ်တွင်သော ဦးခင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ်အဝန်း(၂၀ ပေx ၆၀ ပေ)မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်နေအိမ်၊ ရေ+လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့တို ရောင်းချသူများဖြစ်သော ဦးဇော်ဝင်းနိုင်[၁၂/ဥကမ(နိုင်)၁၄၈၉၇၁] နှင့် ဒေါ်နှင်းသဇင်ထွန်း [၁၂/ဥကမ (နိုင်)၁၄၇၆၀၃]တို့မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဝင်း [၁၂/ဥကမ(နိုင်) ၀၆၉၆၉၉]နှင့် ဒေါ်စုစုခင် [၁၂/ဥကမ(နိုင်)၁၁၆၀၆၆]တို့က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆတ်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးကျော်ဝင်း [၁၂/ဥကမ(နိုင်)၀၆၉၆၉၉]** | **ဒေါ်အေးအေးထွေး (LL.B)** |
| **၂။ ဒေါ်စုစုခင် [၁၂/ဥကမ(နိုင်)၁၁၆၀၆၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၇၂)** |

**တိုက်(၈၉၅)၊ သုဇာတာလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၂၉၄၁၆၇၀၊ ၀၉-၇၉၂၅၅၆၂၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဓမ္မဝိဟာရလမ်း၊ မြေကွက်အမှတ်(၉၈၃)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးစန်းလွင် (DDE-၀၀၀၈၈၀)ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသူ ၎င်း၏ဇနီး ဒေါ်မြင့်ရွှေ [၁၂/မဂတ(နိုင်)၀၃၈၂၅၆] ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးလင်းလင်းအောင် [၁၁/တကန(နိုင်)၀၆၁၈၃၂]၊ ဦးဝင်းထွဋ်ဦး [၁၄/အဂပ(နိုင်)၁၄၂၁၆၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်သက်မူ [၁/မကန(နိုင်)၁၀၅၅၉၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(က) အောက်ပါအိတ်ဖွင့်တင်ဒါအား တင်ဒါပိတ်ရက် (၉-၇-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | 18(T)DPTSC(ADM)/ 2026-2027 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနရှိ ရုံးချုပ်(မော်တော်ယာဉ်ဌာန) တွင် အသုံးပြုနိုင်ရန် ဒီဇယ်ဆီ(ပရီမီယမ်) ၄,၈၀၀ ဂါလန်နှင့် ဓာတ်ဆီ (အောက်တိန်း-92) ၆,၈၆၅ ဂါလန် ဝယ်ယူရန်။ |
| ၂ | 19(T)DPTSC(PTP)/ 2026-2027 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများ ဌာနရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများနှင့် စီမံကိန်း မန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများ တွင် အသုံးပြုနိုင်ရန်အတွက် ဒီဇယ်ဆီ (ပရီမီယမ်) ၃၁,၅၆၀ ဂါလန်ဝယ်ယူရန်။ |

(ခ) အောက်ပါအိတ်ဖွင့်တင်ဒါအား တင်ဒါပိတ်ရက် (၁၄-၇-၂၀၂၆) ရက် (၁၄:၀၀)နာရီအချိန်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | 20(T)DPTSC(PTP)/ 2026-2027 | ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းတည်ဆောက် ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်။ |
| ၂ | 21(T)DPTSC(PSD)/ 2026-2027 | ၂၃၀ ကေဗွီ ရေဝဏ်ပင်မဓာတ်အားခွဲရုံတွင် တိုးချဲ့တပ်ဆင်ရန်အတွက် 230/66/11kV, 100MVA Transformer (၁)လုံး ဝယ်ယူရန်။ |
| ၃ | 22(T)DPTSC(PSD)/ 2026-2027 | ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံတွင် တိုးချဲ့တပ်ဆင်ရန်အတွက် 230/33/11kV, 100MVA Transformer (၁)လုံး ဝယ်ယူရန်။ |
| ၄ | 23(T)DPTSC(PSD)/ 2026-2027 | ၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲ ရုံတွင် တိုးချဲ့တပ်ဆင်ရန်အတွက် 230/33/ 11kV, 100MVA Transformer (၁)လုံး ဝယ်ယူရန်။ |

၂။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန် အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-စက်မှုဇုန်(၁)၊ ပန်းတည်းဝန် ဦးရွှေဘင်လမ်း၊ မြေကွက်အမှတ်(၄၃)၊ အကျယ်အဝန်း(၁.၉၆၄)ဧကရှိ အမည်ပေါက် ဦးအိုက်ရှန် (ဘ) ဦးလောရှန် [၉/ မရမ(နိုင်)၀၃၈၉၉၆] နှစ်(၆၀)စက်မှုလက်မှုလုပ်ငန်းဂရန်မူရင်းမြေကွက်ဟု ခေါ်တွင်သော မြေကွက်သက်သက်နှင့် မြေပေါ်မြေအောက်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုအမည်ပေါက်မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးအိုက်ရှန်မှ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာလင်း(ခ)အာမတ် [၁၂/မဂတ (နိုင်)၀၉၃၅၅၅]မှ အပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက် ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက် အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈/၃၇၅-က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ ထိပ်တင်မှတ်(၁)လမ်း၊ မြေကွက်အမှတ်(၈၇၄)ဟုခေါ်တွင်သော ဦးသောင်းလွင်[၁၂/သကတ(နိုင်)၀၃၈၂၅၇]အမည်ပေါက် အကျယ်အဝန်း (အလျား-၄၁xအနံ-၆၀ )ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အတွင်းမှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသော ရောင်းချသည့် ပေအကျယ်အဝန်း (အလျား- ၁၁xအနံ-၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်သော ဒေါ်ခင်မာလွင်[၁၂/ဒဂရ(နိုင်)၀၀၀၆၉၆]နှင့် ဦးဇေယျာလွင်[၁၂/ ဒဂရ(နိုင်)၀၁၈၁၀၅]တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ များဖြစ်သော ဦးအောင်ကျော်သူ[၁၂/မဂတ(နိုင်)၀၈၂၀၃၉]နှင့် ဦးအောင်ရဲရင့် [၇/အတန(နိုင်)၁၇၈၇၂၂]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## နေပြည်တော်
## တင်ဒါအဆိုပြုလွှာဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး မိုလ်တထောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့ရှိ မြေကွက်လွတ်(၄) ကွက်တို့တွင် မြို့ပြဖွံ့ဖြိုးရေးအတွက် အိမ်ရာစီမံကိန်းများကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်၍ အကျိုးတူစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အောက်ပါ အတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | (၂၅-၆-၂၀၂၆) မှ (၂၄-၇-၂၀၂၆) ထိ (ရုံးချိန်အတွင်း) |
| တင်ဒါပြန်လည်တင်သွင်းရမည့်ရက် | - | ၇-၈-၂၀၂၆(သောကြာနေ့ ) (၁၆:၀၀ နာရီ) |
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ | - | အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် |

[အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်(၀၆၇-၃၄၀၇၇၀၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။]

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၆)၊ မြေကွက်အမှတ်-၁၂၄၂၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်သီတာကျော်သက်အမည်ဖြင့် ထွက်ရှိထားသော နှစ်(၆၀)ဂရန်မူရင်း အလျား ၄၀ပေ x အနံ ၆၀ပေ၊ ဧရိယာ ၀.၀၅၅ ဧကမြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အားလုံးကို ဒေါ်သီတာကျော် သက်[၁၂/မဂဒ(နိုင်)၀၄၄၀၆၄]က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်နွေဦးမွန်[၁၂/ရကန(နိုင်)၁၁၇၃၉၃]က ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်နွေဦးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LL.B,CBL,DBL)(DL-101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄) ရပ်ကွက်၊ မြေကွက်အမှတ်(၄၃၅)၊ (၄၀'x၆၀')ပါမစ်အမည်ပေါက် ဦးမွန်ကြည်၏ မြေကွက်အနက်(၂၀'x၆၀')၊ (၄၃၆)နှင့် ကပ်လျက် ပါမစ် မူရင်းခြမ်းမြေကွက်ကို စာချုပ်အဆက်အစပ်နှင့် ဝယ်ယူထားသူ ဒေါ်ခြူး [၁၂/ ဒလန(နိုင်)၀၄၅၆၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင်လှိုင် [၁၂/ လသန(နိုင်)၀၂၃၇၆၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေ ပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ များသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)
## ဒလမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

| | | |
|---|---|---|
| ဒေါ်စမ်းစမ်းမော် | နှင့် | ဒေါ်ဟန်ယဉ်ယဉ် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ကမာ ကဆစ်၊ မြေကွက်အမှတ်(၄၇၇/က)၊ ခွာညိုလမ်းနေ ဒေါ်ဟန်ယဉ်ယဉ် သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက် တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်ကထုချေလွှာတင်သွင်းခွင့် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သက်ပိုင်ဦး)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

# နှစ်(၇၀)ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့ ဆုမွန်လွှာ

ကျေးဇူးရှင် အဘိုး ဝဏ္ဏကျော်ထင် ဦးတင်အုံး B.A, B.L တရားရုံးချုပ် တရားသူကြီး(ငြိမ်း)နှင့် ကျေးဇူးရှင် အဘွား ဒေါ်တင်ညိမ်းဝင်း B.A(Ed;)B.Ed အထပြ(ငြိမ်း)၊ အထက(၁)ရန်ကင်း၊ အထက(၄)အလုံတို့၏ (၂၇-၆-၂၀၂၆) ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ် ပေါင်းများစွာ ကျန်းမာ၍ အသက်ရှည်၍ သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာ၊ တရား ဘာဝနာများကို ပွားများအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား၊ ချစ်သမီးများနှင့် ချစ်မြေးများ**
**ဓွဲ၊ မိုးစက်၊ ရှင်လဝန်း၊ ရည်မွန်၊ မျိုးခန့်၊ မိုးဖြူ၊ နီတာ၊ သားဦး**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/က၊ မြေကွက်အမှတ်- ၂/၃၊ ဦးသာလွန်း၊ ဒေါ်ခင်ဆင့်တို့ပူးတွဲအမည်ပေါက်(B မြေ)အမျိုးအစားမြေကွက် (အရပ်အခေါ်) အမှတ်(၉)၊ သမာဓိ(၃)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက် ဧရိယာအကျယ်အဝန်း (၀.၀၄၄)ဧကရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၁၅xအနံ ၄၀)ပေ (မြေကွက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဒေါ်တင်တင်လတ် [၁၂/သဃက(နိုင်)၀၄၄၄၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်သန်းသန်းဝေ [၁၂/ဒဂတ(နိုင်)၀၁၂၁၆၄]နှင့် ဦးကျော်မင်းထွန်း [၁၂/သဃက(နိုင်)၁၅၅၁၄၅]တို့က (၂၀-၆-၂၀၂၆) ရက်နေ့တွင် ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများ သိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလွင်မိုးအောင် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၅၅၅၃၂)**
**ရုံးအမှတ်-၁၄၅၊ (ပ-အေ)၊ ၃၇-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-424533045**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/က၊ မြေကွက်အမှတ်-၂/၃၊ ဦးသာလွန်း၊ ဒေါ်ခင်ဆင့်တို့ပူးတွဲအမည်ပေါက် (B မြေ) အမျိုးအစားမြေကွက်(အရပ်အခေါ်) အမှတ်(၈)၊ သမာဓိ (၃)လမ်း၊ (ဆ/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂-ခန်းတွဲ ၃ ၁/၂ RCတိုက်၏ မြေရှင် (၂) ဒေါ်တင်တင်လတ် အကျိုးခံစားခွင့်ရရှိသည့် (တိုက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) ပထမထပ် (၂-လွှာ) တိုက်ခန်းနှင့် ဒုတိယထပ် (၃-လွှာ)တိုက်ခန်းတို့နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်တင်တင်လတ် [၁၂/သဃက(နိုင်)၀၄၄၄၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်သန်းသန်းဝေ [၁၂/ဒဂတ(နိုင်) ၀၁၂၁၆၄]နှင့် ဦးကျော်မင်းထွန်း [၁၂/သဃက(နိုင်)၁၅၅၁၄၅]တို့က (၂၀-၆-၂၀၂၆)ရက်နေ့တွင် ဥပဒေနှင့်အညီ အပြီး အပိုင်ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလွင်မိုးအောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၃၂)**
**ရုံးအမှတ်-၁၄၅၊ (ပ-အေ)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-424533045**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-က+ခ)၊ မြေကွက်အမှတ်(မ-၂၉၈)၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၈)လမ်း၊ ကွန်ဒိုတိုက်အမှတ်(မ-၂၉၈)၊ (၂)ခန်းတွဲ (၈)ထပ်တိုက် Lift (၁)စင်းပါ ကွန်ဒိုအဆောက်အဦမှ (၅-လွှာ/ခေါင်းရင်းခန်း)၊ အခန်းအမှတ်(A-5)၊ (၁၉ ပေ x ၅၇ ပေ) အကျယ်အဝန်းရှိ မီနီကွန်ဒို တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါ မီနီကွန်ဒိုတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုမြင့် [၁၄/ပသန(နိုင်)၁၃၉၉၁၅]ထံမှ ဦးသွေးသစ်မင်းလူ [၁၂/ကမရ(နိုင်)၀၆၂၄၇၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများ ပြည့်စုံ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသွေးသစ်မင်းလူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၁၄/၁(၃-အေ)၊ ဧရိယာ-၀.၄၉၆ ဧကရှိ မြေပိုင်မြေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထား အမည်ပေါက် ပိုင်ဆိုင်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်ရင်၊ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်ကျော်နှင့် ဦးမောင်မောင်မြတ်တို့က အပြီးအပိုင်လွှဲပြောင်းရောင်းချရန်အတွက် စီစဉ်ထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း မူရင်းစာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၂)**
**အမှတ်(၄)၊ မင်္ဂလာလမ်း၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၉-၉၅၁၇၄၀၁၇၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၄/ဇ၃-၁၂)၊ မြေဧရိယာ(၀.၁၅၂)ဧကအကျယ်ရှိ ဦးကျော်ကျော်[၁၂/ရကန(နိုင်)၀၃၇၉၄၇] အမည်ပေါက် မြေပိုင်မြေ-အိမ်ရာမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(1-K)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေပြင်ရှိ(၂)ထပ်တိုက်အဆောက်အဦနေအိမ်အပါအဝင် အဆိုပါ အိမ်နှင့်ပတ်သက်သောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ဆက်နွယ်တည်ရှိသည့် ကုန်းမြင့်ရိပ်သာလမ်းမှ လွတ်လပ်စွာဝင်ထွက်သွားလာခွင့်ရရှိထားသော(၁၂ ၁/၂ x၇၃)ပေအကျယ်ရှိ လမ်းအသုံးပြုခွင့်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း အဆိုပြုသူ အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေး ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေများ** |
|---|---|---|
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)** | **ဒေါ်အိအိစံ (စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ



## တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပခဲ့ပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းကို တစ်ပြိုင်တည်း ကျင်းပကြကာ စာပေ၊ ဂီတ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

တောင်ကြီးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးစဉ်။

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဇွန် ၂၆

မြန်မာ့ပင်လယ်ပြင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၂၀ Development phase ခြေစစ်ပွဲအုပ်စု (K) ပွဲစဉ်များ ထွက်ပေါ်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၂၀ Development phase ခြေစစ်ပွဲအုပ်စု (K) ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို ပုံစံအသစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပုံမှန်ကျင်းပနေသည့် ခြေစစ်ပွဲတွင် အုပ်စု ရှစ်ခု၊ Development phase တွင် အုပ်စု သုံးခု ပါဝင်မည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂



## ယနေ့ ဖတ်စရာ

World MSME Day အထိမ်းအမှတ် ထူးချွန် MSME စာရင်း ထုတ်ပြန်ကြေညာခြင်း
စာမျက်နှာ » ၁၃

အောင်ဆန်းအားကစားကွင်းအတွင်းရှိ ဌာနပိုင် အဆောက်အအုံဟောင်းများဖျက်သိမ်း၍ လေလံတင်ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ
စာမျက်နှာ » ၁၆

တောင်ကိုရီးယား သွင်းကုန်ပြပွဲ ၂၀၂၆ တွင် မြန်မာပြခန်း ပါဝင်ပြသ

စာမျက်နှာ » ၁၇

## ဆွီဒင်အသင်းနဲ့ ဂျပန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ဂျပန်အသင်း အုပ်စုဒုတိယဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း အဆင့်တက်လှမ်း



အမေရိကန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ ကနေဒါနိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်တွေအနက် ဇွန် ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျပန်အသင်းနဲ့ ဆွီဒင်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ဂျပန်အသင်းဟာ အုပ်စုအဆင့်ဒုတိယဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ဂျပန်အသင်းဟာ အုပ်စု(F) မှာ နယ်သာလန်အသင်းရဲ့ အောက် အုပ်စုအဆင့် ဒုတိယနေရာနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၃၂ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❖

ဆွီဒင်အသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။